# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၆)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံဘုရင်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မလေးရှားနိုင်ငံဘုရင်အဖြစ် တင်မြှောက်ခြင်းခံရသော ဆူလ်တန် မီဇန်၊ ဇိုင်နယ်လ်အဘီဒင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

**(သတင်းစဉ်)**

## နေပြည်တော် မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

## သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် အလုပ်သဘောခရီး လာရောက်လည်ပတ်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာ နာရာကာသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ မကြာမီ ကာလအတွင်း အလုပ်သဘောခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)





## ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ အဆောက်အအုံများ စံချိန်စံညွှန်းမီ တည်ဆောက် စီးပွားရေးအချက်အချာကျသော မြို့ဖြစ်၍ ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဖိဖိစီးစီးကြိုးပမ်းလုပ်ကိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✱

## ရေထွက်ပစ္စည်းများ အရှိန်အဟုန်မြင့် တိုးတက်ထုတ်လုပ်ပေးနေသော မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**စတုတ္ထနေရာ**

အမျိုးသားစီးပွားရေးကို မြှင့်တင်ရန်အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ရာ (၂၀၀၁–၂၀၀၂)မှ (၂၀၀၅–၂၀၀၆)အထိ တတိယကာလတို ငါးနှစ်စီမံကိန်းတွင် သားငါးကဏ္ဍသည် နိုင်ငံတော်မှချမှတ်ပေးထားသော ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ပေးနိုင်ခဲ့ပြီး ကဏ္ဍအလိုက် ဂျီဒီပီပါဝင်မှုအနေဖြင့် စတုတ္ထနေရာ၌လည်းကောင်း၊ နိုင်ငံခြားဝင်ငွေရရှိမှုအနေဖြင့်လည်း စတုတ္ထနေရာတွင်လည်းကောင်း ရပ်တည်ပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❒

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

# အမျိုးသား ကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်

အမျိုးသားကန်တော်ကြီးဥယျာဉ်ကို လွန်ခဲ့သော ၁၉၁၅ခုနှစ်မှ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် စိန်ရတုတိုင်ခဲ့ပြီ ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတု ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃ရက်အထိ တစ်လကြာမျှ ကျင်းပလျက်ရှိသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်နှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အထင်ကရ အထိမ်းအမှတ်များဖြစ်သော ရွှေတိဂုံစေတီတော်၊ သျှစ်သောင်းပုထိုးတော်၊ ကျိုက်ထီးရိုးစေတီတော်၊ ခါကာဘိုရာဇီတောင်၊ ဖွဲကပင်တောင်၊ ချောင်းသာကမ်းခြေအလှ၊ ရေနံမြေ၊ ရိဒ်ရေကန်၊ မြနန်းစံကျော်ရွှေနန်းတော်၊ ကမ္ဘောဇသာဒီနန်းတော် စသည်ဖြင့် တစုတစည်းတည်း တည်ဆောက်ထား၍ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကြီးကိုလည်း ယှဉ်တွဲဖွင့်လှစ်မည်ဖြစ်သည်။

ထို့အပြင် ပထမအကြိမ်အဖြစ် ကျင်းပသော ပန်းပွဲတော်ကြီးကိုလည်း အဆိုပါအမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်နှင့်အတူ ခင်းကျင်းဖွင့်လှစ်ပြသရန် စီစဉ်ထားသည်။ ယင်းပန်းပွဲတော်ကြီးတွင် ပြည်တွင်း၊ ပြည်ပမှ ရှားပါးသစ်ခွပန်းများ၊ ရာသီအလျောက် ဖူးပွင့်ကြသည့် ရာသီပန်းမန်များ အပါအဝင် ပန်းပေါင်းနှစ်သန်းကျော်ကို ရုပ်လုံးရုပ်ကြွများအဖြစ် ဖန်တီး၍ ပြသထားသည်။

ယင်းပန်းပွဲတော်ကြီးနှင့်အတူ ဂီတဖျော်ဖြေ တင်ဆက်မှုများကိုလည်း အထူးခြားဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ထားသည်။

သို့ဖြစ်၍ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် လေ့လာစရာ၊ အပန်းဖြေစရာ၊ ဗဟုသုတများ တိုးပွားစရာ ပွဲတော်ကြီးအဖြစ် ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မူဆယ်မြို့ တီးမရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးဌာန ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် တီးမရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးဌာနသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့အား တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကံလှိုင်က တီးမရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးဌာန တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စခန်းတည်ဆောက် ပြီးစီးမှုနှင့် စိုက်ပျိုးရေးဆောင်ရွက် ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့နယ် မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ လူထုတစ်ရပ်လုံး အသိပညာတိုးတက် မြင့်မားရေးတို့ကို ရှင်းလင်းပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၀၆ -၂၀၀၇ ခုနှစ် ဟူးမွန်ကွင်း ဆင်းရွှေလီနွေစပါးပျိုးစေ့ချပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဆောင်းသီးနှံဟင်းသီးဟင်းရွက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၅-၁၂-၂၀၀၆**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွမ်းမပြေ"** (အပိုင်း-၂၈)(ဇာတ်သိမ်းပိုင်း)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၂၈)



**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးအောင်လွင် အမှာစကားပြောကြားစဉ်။**
(မွေး / ရေ)

# ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၄

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ရန်ကုန်တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ် အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် မွန်းတည့် ၁၂ နာရီက အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပသည်။**

အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး သဘာပတိ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းတို့က အသီးသီး အဖွင့်အမှာစကားပြောကြားသည်။

### ဖတ်ကြားအတည်ပြု

ထို့နောက် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမျိုးအောင်က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြုချက်ရယူပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓမ္မဒူတအရှင်ဆေကိန္ဒ တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၆) ရပ်ကွက် ပေါက်စေတီကျောင်းတိုက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒသည် ဒီဇင်ဘာ ၁၆ရက် (စနေနေ့) ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၁၁၃ (အေ)နေ ဦးစိုင်းလုံ-ဒေါ်ချိုမိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)







## အမှာစကားပြောကြား

**နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ အလုပ်ကျသဘာပတိ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်း အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

● **ကျောဖုံးမှ**

အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောနှင့် 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးခင်မောင်ဖြူက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်းက လည်းကောင်း ဆောင်ရွက်ကြသည်။

### တက်ရောက်

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့တက်ရောက်ကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ၆၇ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများကို လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲနှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးယန်ကျင့်ကန်တို့က အသီးသီး ဖတ်ကြားတင်ပြကြသည်။

### အမှာစကား

ယင်းနောက် အလှည့်ကျသဘာပတိ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ ဦးလီကွယ်ချင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## သတင်း၊ဆောင်းပါးနှင့်စာပေပြုစုရေးသားနည်းသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏သတင်း၊ ဆောင်းပါးနှင့် စာပေပြုစုရေးသားနည်းသင်တန်း အမှတ်စဉ်(၂/၂၀၀၆)ဖွင့်ပွဲကို ဒီဇင်ဘာ၁၁ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် အမျိုးသားရေးမူဝါဒ၊ အင်္ဂလိပ်စာ (ဘာသာပြန်၊ ဖတ်ရှုခြင်း) သတင်းရေးသားနည်း၊ ဆောင်းပါး ရေးသားနည်း၊ မိန့်ခွန်းရေးသားနည်း၊ ရုံးစာ ရေးသားနည်း၊ မြန်မာသဒ္ဒါအသုံးအနှုန်းနှင့် မြန်မာစကားပြေ၊ နိုင်ငံတကာရေးရာ၊ မြန်မာ့သမိုင်း(အကျဉ်း)၊ သတင်း Media များ၏ သဘောသဘာဝ၊ သုတေသနပြုစုခြင်း၊ လူထုဟောပြောနည်း စသည့် ဘာသာရပ် ၁၂ ခုကို ပို့ချမည်ဖြစ်သည်။ ယင်းသင်တန်းသို့ ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဝန်ထမ်း ၁၀ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် သတင်းဆောင်းပါးနှင့် စာပေပြုစုရေးသားနည်း သင်တန်းအမှတ်စဉ် (၂/၂၀၀၆)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

* **ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်နှင့် လမ်းအထူးအဖွဲ့၊ ရန်ကုန်တိုင်း အဆောက်အအုံ အထူးအဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်တို့မှ ခရိုင်ဆောက်လုပ်ရေး အင်ဂျင်နီယာမှူးများ၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်၊ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် ၁၁မြို့နယ်တို့မှ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားရာ၌ ရန်ကုန်တိုင်းရှိ မြို့နယ်များ အပါအဝင် ရန်ကုန်မြို့တော်သည် စီးပွားရေးအချက်အချာကျသော မြို့ကြီးတစ်မြို့ဖြစ်၍ ကဏ္ဍအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူ အဆင့်ဆင့်က ယခင်ကထက်ပင် ပိုမိုကာ ဖွံ့ဖြိုးတိုးတက်စေရန် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့နှင့် တာဝန်ရှိသူ အဆင့်ဆင့်တို့က ပိုမိုပူးပေါင်း ညှိနှိုင်းပြီး ဆောင်ရွက်လုပ်ကိုင်ပါက ရန်ကုန်မြို့သည် ယခင်ကထက်ပင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လေယာဉ်ကွင်းလမ်းများ၊ တံတားများ၊ အဆောက်အအုံများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီစွာဖြင့် ပြီးစီးရေး လက်ရှိ တည်ဆောက်ပြီး လမ်း၊ တံတား၊ အဆောက်အအုံများကိုလည်း ဆက်လက် ပြုပြင်မွမ်းမံ ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ရန်ကုန်မြို့တော်အပါအဝင် ရန်ကုန်တိုင်းတစ်တိုင်းလုံး ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးသာမက ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုမြင့်မား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စေတနာထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းအပြင် အောက်ခြေအထိ ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

### လုပ်ငန်းဆောင်ရွက်မှုတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု၊ ရန်ကုန်တိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဖြစ်သည့် တံတားလုပ်ငန်းများ၊ လမ်းလုပ်ငန်းများ၊ လေယာဉ်ကွင်း လုပ်ငန်းများနှင့် အဆောက်အအုံ လုပ်ငန်းများ၏ ရန်ပုံငွေရရှိမှု၊ ကမာကြည်တံတားနှင့် အမှတ်(၂)သန်လျင် တံတားစီမံကိန်းများ ဆောင်ရွက် ပြီးစီးမှု၊ ရန်ကုန်တိုင်းအတွင်း အဓိကလမ်းမကြီးများ ထိန်းသိမ်းဆောင်ရွက် ပြုပြင်မွမ်းမံမှု၊ ဆက်လက်တိုးချဲ့ ဖောက်လုပ်ထားရှိမှု အခြေအနေ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ဆောင်ရွက်ပြီးစီးမှု၊ အဆောက် အအုံအထူးအဖွဲ့(၅)ဖွဲ့ဖြင့် ဝန်ကြီးဌာနနှင့်အာဏာပိုင်အဖွဲ့အစည်းများက အပ်နှံသောလုပ်ငန်းများဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### တိုးတက်မှု

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်း၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂) ရန်ကုန်မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လှိုင်က (747)ဘိုးရင်းဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ပြေးလမ်းပေ၈၁၀၀ X ပေ၂၀၀ မှ ပေ၁၁၂၀၀ X ပေ၂၀၀အထိ ပေ ၃၁၀၀ X ပေ၂၀၀ တိုးချဲ့ခြင်းလုပ်ငန်း တိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### ကဏ္ဍအလိုက်ရှင်းလင်း

ထို့နောက် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)မှ အင်ဂျင်နီယာမှူး ဦးဝင်းတင့်က ရန်ကုန်-မန္တလေးခြောက်လမ်းသွား လမ်းမကြီး (ရန်ကုန်တိုင်းအပိုင်း) ရန်ကုန်-ပြည်လမ်း (ရန်ကုန်တိုင်း အပိုင်း )စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက ရန်ကုန်-သန်လျင်တံတား အမှတ်(၂)မှ သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် လှိုင်သာယာစက်မှုဇုန် အမှတ်(၅)လမ်းမကြီးမှ ဒလ-တွံတေးကားလမ်းသို့ ဆက်သွယ် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တည်ဆောက်ရေးစီမံကိန်းလမ်းအပိုင်း(၁)မှ အင်ဂျင်နီယာမှူး ဦးကြည်ဇော်မြင့်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အမှတ်(၃) လမ်းဆုံမှ လှော်ကားလမ်း အပိုင်း(၁၀/၀)မိုင်အတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)ဖွဲ့တို့က ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ ဗညားဒလလမ်းနှင့် ဗိုလ်ရှင်းရေအိုးစင် လမ်းထောင့်ရှိ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၏ ကျန်ရှိသော တည်ဆောက်ရေး စီမံကိန်း၊ ရွှေပြည်သာမြို့နယ်ရှိ ကုန်သေတ္တာဆိပ်ခံတံတား တည်ဆောက်နေမှုစီမံကိန်း၊ ဒဂုံတက္ကသိုလ်ကို တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ စီမံကိန်းအဆင့်လိုက် ဆောင်ရွက်နေမှုစီမံကိန်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဝင်းအတွင်း သင်တန်းခန်းမ တည်ဆောက်မှုစီမံကိန်းတို့နှင့်စပ်လျဉ်း၍ အထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်တို့မှ ခရိုင်ဆောက်လုပ်ရေး အင်ဂျင်နီယာမှူးများက ခရိုင်အလိုက် လမ်း၊တံတားနှင့် အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်တင်ပြ

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ရန်ကုန်တိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကဏ္ဍအလိုက် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား၍ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး
## ကုန်စည်ပြပွဲ ၂၀၀၆ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၄

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး ကျင်းပမည့် "မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ၂၀၀၆"ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။**

### ပူးတွဲကျင်းပမည်

**ကုန်စည်ပြပွဲကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ပူးတွဲကော်မတီဆွေးနွေးပွဲ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပွဲနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဟောပြောပွဲတို့ကိုပါ ပူးတွဲကျင်းပသွားမည် ဖြစ်သည်။**

### ဆက်သွယ်စုံစမ်းနိုင်

**ယင်းမြန်မာ-တရုတ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ၂၀၀၆နှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက မူဆယ်မြို့ (၁၀၅) မိုင်ကုန်သွယ်ရေး ဖုန်း-၀၁-၃၃၃၁၂၅၈၊ ၃၃၃၁၂၅၉၊ ၃၃၃၁၂၆၀၊ ၃၃၃၁၂၆၁ နှင့် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန(နေပြည်တော်) ဖုန်း-၀၆၇-၄၀၈၀၁၅၊ ၄၀၈၂၃၅နှင့် ၄၀၈၃၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။** (သတင်းစဉ်)

## ကွမ်းခြံကုန်းမြို့
## အမက မကျီးတန်း
## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အမက မကျီးတန်း ကျောင်းသားကျောင်းသူ ဟောင်းများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၄ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများနှင့် လှူဒါန်းလိုသူများသည် ဗိုလ်မှူးမြင့်သူ(ငြိမ်း) ဖုန်း-၅၆၂၈၉၅နှင့်၂၉၂၅၀၀၊ ဦးစန်းရွှေ ဖုန်း-၃၈၁၇၉၉ Ex.၂၁၆၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နျူကလီးယားနည်းပညာ ငြိမ်းချမ်းစွာအသုံးပြုရေး ပင်လယ်ကွေ့ ခြောက်နိုင်ငံရည်ရွယ်ထား

ရီးယာ့စ် ဒီဇင်ဘာ ၁၄

**နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် ရယူနိုင်ရန် ရည်ရွယ်ထားပြီဖြစ်ကြောင်း၊ ယင်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်လည်း တည်ထောင်လိမ့်မည်ဖြစ်ကြောင်း ပင်လယ်ကွေ့ အာရပ်ခြောက်နိုင်ငံက ရီးယာ့စ်မြို့၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကြေညာလိုက်သည်။**

ပင်လယ်ကွေ့ခြောက်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျီစီစီ)က ထိုကိစ္စနှင့် ပတ်သက်ပြီး နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကျင်းပပြီးနောက် အထက်ပါအတိုင်း ကြေညာခဲ့ခြင်း ဖြစ်သည်။

### ဖတ်ကြား

အဆိုပါ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ခေါင်းဆောင်များသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေး နယ်ပယ်ကဏ္ဍတွင် ဘုံအစီအစဉ်တစ်ရပ်ကိုလည်း ထူထောင်သွားရန် လေ့လာလျက်ရှိကြောင်း ဂျီစီစီအတွင်းရေးမှူးချုပ် အဗ္ဗဒူလ်ရာမန်အယ်အက်တီယာက အဆိုပါ ကြေညာချက်ကို ဖတ်ကြားသည်။

### ငြိမ်းချမ်းစွာ

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးသည် နိုင်ငံတိုင်း၏ အခွင့်အရေးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### ပါဝင်

ဂျီစီစီကို ၁၉၈၁ ခုနှစ်က အဖွဲ့ဝင် ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ဖွဲ့စည်းခဲ့ရာ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ကူဝိတ်၊ ဘာရိန်း၊ ကာတာနှင့် အိုမန်နိုင်ငံတို့ ပါဝင်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်မြို့လယ်၌ ဘဏ်ဝန်ထမ်းလေးဦး ဖမ်းဆီးခံရ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၄**

ဘဂ္ဂဒက်မြို့လယ်ဘဏ်မှ ဘဏ်အလုပ်သမား လေးဦးကို သေနတ်သမားများက ဒီဇင်ဘာ ၁၁ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်စစ်ယူနီဖောင်း ဝတ်ဆင်ထားသည့် သေနတ်သမားများသည် အလုပ်သမားများကို ဖမ်းဆီးခံရသည့်အပြင် ငွေအများအပြားကိုလည်း ယူဆောင်သွားခဲ့ကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိအရောင်းပြခန်းတစ်ခုတွင် ဆိုနီကုမ္ပဏီမှ အသစ် ထုတ်လုပ်လိုက်သည့် ဒီဂျစ်တယ်ဗီဒီယို ကင်မရာတစ်လုံးကို အရောင်းဝန်ထမ်း တစ်ဦးက ပြသနေသည်ကို ဒီဇင်ဘာ ၁၂ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ရေနံထုတ်လုပ်မှု ထပ်မံလျှော့ချရန် အိုပက်အား အီရန်တိုက်တွန်း

**တီဟီရန် ဒီဇင်ဘာ ၁၃**

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း မြင့်တက်နေခြင်းကြောင့် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့(အိုပက်)သည် မျက်မှောက်ရေနံထုတ်လုပ်မှုကို ဖြတ်တောက်ရန် ယခုအချိန်အထိ လိုအပ်လျက်ရှိကြောင်း အီရန်ရေနံလုပ်ငန်း ဝန်ကြီး ကာဇစ်ဖာဇီရီဟာမာနက်ချ်က ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားသည်ကို ရှာနာသတင်းဌာနက ဖော်ပြသည်။

### ဖော်ပြ

ရေနံဈေးနှုန်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ အောက်ကျနေသည့် အဖြစ်မျိုး မရှိရအောင် အိုပက်အဖွဲ့ဝင်နိုင်ငံများနည်းတူ အီရန်နိုင်ငံကလည်း စဉ်းစားလျက်ရှိကြောင်း ဟာမာနာနက်ချ်၏ ပြောကြားချက်ကို ကိုးကား၍သတင်းတွင် ဖော်ပြထားသည်။

### လျှော့ချ

ရေနံပိုမိုထုတ်လုပ်မှုကို ချင့်ချိန်၍ ရေနံထုတ်လုပ်မှုကို လျှော့ချရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား နိုင်ငံတွင် ကျင်းပနေသော အိုပက်အစည်းအဝေး မကျင်းပမီနှစ်ရက်အလိုတွင် ၎င်းကပြောကြားသည်။

ပြီးခဲ့သော ရက်သတ္တပတ်က ရေနံဈေးကွက်တွင် လတ်တလော၌ တစ်နေ့လျှင် ရေနံစည်တစ်သန်းခန့် ပိုလျှံနေကြောင်းနှင့် အိုပက်အဖွဲ့၏ ဝန်ကြီးများက အခြေအနေကို ပြန်လည်သုံးသပ်ပြီး နှစ်သက်သလို ဆုံးဖြတ်ချက်များ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အိုပက်အဖွဲ့ဥက္ကဋ္ဌ နိုင်ဂျီးရီးယား ရေနံလုပ်ငန်းဝန်ကြီး အီမူဒါကိုရှူက ပြောကြားသည်။

### ဆုံးဖြတ်

ရေနံဈေးနှုန်း မြင့်တင်ရန်အလို့ငှာ တစ်နေ့လျှင် ရေနံစိမ်းစည်ပေါင်း ၂၆ ဒသမ ၃ သန်းထုတ်လုပ်နေရာမှ ၁၁ဒသမ၂ သန်းအထိ လျှော့ချထုတ်လုပ်သွားရန် အိုပက်နိုင်ငံများက ပြီးခဲ့သောလက ဆုံးဖြတ်ချက်ချခဲ့သည်။

အိုပက်အဖွဲ့မှ ဆုံးဖြတ်ချက်ချပြီးနောက်တစ်နေ့လျှင် ရေနံစည် ၁၇၆၀၀၀ ခန့် ထုတ်လုပ်နေမှုကို လျှော့ချသွားရန် အီရန်နိုင်ငံက ဆုံးဖြတ်ထားသည်။ အီရန်နိုင်ငံသည် အိုပက်အဖွဲ့တွင် ဒုတိယ ရေနံအများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

## ကမ္ဘာ့အကြီးဆုံး ဆန်တာကလော့စ်ရုပ်တု

**ကမ္ဘာပေါ်တွင် အကြီးဆုံး ဆန်တာကလော့စ် ရုပ်ကြီးကို ပြသထားစဉ်။** (ယာပုံ)



ပေါ်တူဂီနိုင်ငံ တောရက်ဗီ ဒရက်စ်မြို့တွင် အမြင့် ၁၀ မီတာရှိသော ဆန်တာကလော့စ်အရုပ်ကြီးတစ်ခုကို ဖိုင်ဘာဖြင့် ပြုလုပ်ပြီး ပြသထားရာ ၎င်းရုပ်တုကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဆန်တာကလော့စ်ရုပ်တုကြီးတစ်ခု အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရမည်ဖြစ်သည်။

**(အင်တာနက်)**

## ဆီးနှင်းရုပ်တုပွဲတော်

**ဆီးနှင်းပန်းပုရုပ်တုပွဲတော်တွင် ပါဝင်ဆင်နွှဲနေသူများကို တွေ့ရစဉ်။** (အောက်ပုံ)

တရုတ်နိုင်ငံ စစ်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသရှိ ဘာလီကွန်စီရင်စုတွင် ဆီးနှင်းရုပ်တုပွဲတော်တစ်ရပ် ကျင်းပရာ တရုတ်ရုပ်တုကျွမ်းကျင်သူများက ဆီးနှင်းခဲဖြင့် ကြီးမားသော မြင်းရုပ်ကြီးများကို ဖန်တီးပြုလုပ်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**



# ဗီယက်နမ်၌ ရှားပါးလိပ်များတွေ့ရှိ

ဟန္နိုင်း ဒီဇင်ဘာ ၁၄

**၁၉၃၉ခုနှစ်က ဗီယက်နမ် တိရစ္ဆာန် စာရင်းတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် စာရင်း၌ထည့်သွင်းထားသော မျက်လုံးလေးလုံးပါ အလွန်ရှားပါးသည့် လိပ်များကို ဗီယက်နမ်အလယ်ပိုင်း ကွမ်နမ်းပြည်နယ်၌တွေ့ရှိခဲ့ကြောင်း ဒေသထုတ်သတင်းစာတစ်စောင်က ဒီဇင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြသည်။**

**အဆိုပါ ပင်လယ်လိပ်များသည် မျက်လုံးလေးခုပါရှိပြီး သိပ္ပံအခေါ် ဆာကဲလီယာကွာဒရီယိုဆယ်လ်တာဟု ခေါ်ဆိုကြောင်း အာရှလိပ် ထိန်းသိမ်းရေး ကွန်ရက်မှကျွမ်းကျင်သူများက ပြောကြားသည်။**

**အဆိုပါ မျက်လုံးလေးလုံးပါ ရှားပါးလိပ်များ ထိန်းသိမ်းထားမှုကို လာအို၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့၌ တွေ့ရကြောင်း၊ ယင်းတို့မှာ အမဲလိုက်သတ်ဖြတ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကြောင့် အဓိကအန္တရာယ်အဖြစ် ခြိမ်းခြောက်ခံနေရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။**

အမ်အင်အေ၊ဆင်ဟွာ

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကရာချိ၌ဓာတ်ငွေ့အိုးပေါက်ကွဲ အနည်းဆုံး လေးဦးသေဆုံး

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၄**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကရာချိမြို့၌ ဒီဇင်ဘာ ၁၂ ရက်နေ့က ဓာတ်ငွေ့ ဆလင်ဒါအိုး ပေါက်ကွဲခဲ့ရာ အနည်းဆုံးလူလေးဦး သေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိသွားကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်များ၏ ပြောကြားချက်ကို ကိုးကားလျက် ပုဂ္ဂလိက ရုပ်မြင်သံကြားတစ်ခုက ထုတ်လွှင့်သည်။

### ပေါက်ကွဲ

ယင်းဓာတ်ငွေ့အိုး ပေါက်ကွဲမှုသည် ကရာချိမြို့တောင်ပိုင်းရှိ စီအင်န်ဂျီဓာတ်ငွေ့ ဆိုင်တစ်ဆိုင်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

### တင်ပို့

ထိုသို့ ပေါက်ကွဲရခြင်းကို အတိအကျမသိရသေးဟုဆိုသည်။ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ တင်ပို့ထားရသည်။

ပါကစ္စတန်မြို့ကြီးများတွင် ဓာတ်ဆီထက် စီအင်န်ဂျီဓာတ်ငွေ့မှာ ဈေးချိုသဖြင့် သုံးစွဲမှုပိုမိုများပြားလာ လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မိမိသွေးဖြင့် အသက်ကယ်တင်ပေးနေသူတို့အတွက် အကြိမ်(၃၀)မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ

**တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)**

ရန်ကုန် ဒီဇင်ဘာ ၁၄

**သွေးသည်အသက်ဖြစ်ရာ သွေးလှူသူတို့သည် အသက်ကိုလှူဒါန်းကြသူများပင် ဖြစ်သည်။ အမွန်မြတ်ဆုံးသော လှူဒါန်းမှုတွင် မိမိသွေးကို ဝေဒနာရှင်တစ်ဦးဦးအား လှူဒါန်းခြင်းလည်းပါဝင်နေရာ ထိုသို့သော သွေးလှူရှင်များသည် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများအဖြစ် နိုင်ငံတော်ကလည်း အသိအမှတ်ပြုပြီး ဂုဏ်ပြုပွဲများ နှစ်စဉ်မပျက် ကျင်းပပေးခဲ့သည်။**



**"ကိုရင်ဘဝကတည်းက သွေးလှူခဲ့တာပါ"**
ဆရာတော်ဦးအာစိဏ္ဏ (၁၀၂)ကြိမ်မြောက် သွေးလှူရှင် ရွှေလိုင်အုတ်ကျောင်း ကျောင်းကြီးတိုက် ကြည့်မြင်တိုင်။
**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

## တွေ့ဆုံမေးမြန်း

ထိုသို့ သွေးလှူရှင်များအား နိုင်ငံတော်က ဂုဏ်ပြုပွဲများ ကျင်းပပေးခဲ့သည်မှာ အကြိမ်(၃၀)မြောက်ရှိခဲ့ပြီဖြစ်သည်။ အကြိမ်(၃၀)မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ဝင်း ခန်းမဆောင်ကြီး၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ မြန်မာ့အလင်း သတင်းအဖွဲ့က တာဝန်ရှိသူများနှင့် ဂုဏ်ပြုခံ သွေးလှူရှင် အချို့တို့အား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

ပထမဦးစွာ အကြိမ်(၃၀)မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနား သဘာပတိနှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်အား တွေ့ဆုံမေးမြန်းရာ "ဒီသွေးလှူရှင်များ ဂုဏ်ပြုပွဲကို နှစ်စဉ် ဒီဇင်ဘာ ၁၄ ရက်တိုင်းမှာ ကျင်းပခဲ့တာပါ၊ ရည်ရွယ်ချက်ကတော့ စေတနာသွေးလှူရှင်များ တိုးပွားရေး၊ သွေးကောင်းသွေးသန့် သွေးအလှူရှင်များအနေနဲ့ မိမိတို့ရဲ့ သန့်ရှင်းနေတဲ့ သွေးတွေကို ဆက်လက်ထိန်းသိမ်းနိုင်ရေးနဲ့ သွေးမှတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါများ ကူးစက်ပြန့်ပွားမှု လျော့နည်းပပျောက်သွားရေး တို့အတွက် အခုလို ဂုဏ်ပြုပွဲကျင်းပပေးနေတာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။



**"စေတနာသွေး လှူ ရှင် တွေ တိုးပွားရေး၊ သန့်ရှင်းတဲ့ သွေးတွေကို သွေးလှူရှင်များ ဆက်လက် ထိန်း သိမ်း ရေး နဲ့ သွေးမှ တစ်ဆင့် ကူးစက် ရောဂါ လျော့ နည်း ပပျောက်ရေး တို့ အတွက် ဂုဏ်ပြုပွဲ ကျင်းပ ပေးခြင်းဖြစ်ပါတယ်"**
ဒေါက်တာတင်ညွှန့်
ခေတ္တညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန။
**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

## အဖိုးမဖြတ်နိုင်

မှန်ပေသည်။ မိမိလှူဒါန်းလိုက်သော သွေးသည် သန့်ရှင်းနေသည့်သွေးဖြစ်ရန်အရေးကြီးလှသည်။ သန့်ရှင်းသော သွေးသည်သာ ဝေဒနာရှင်အတွက် အဖိုးမဖြတ်နိုင်သော ဆေးစွမ်းတစ်လက်ပင်ဖြစ်သည်။

"ဒီလိုသွေးလှူရှင်ဂုဏ်ပြုပွဲ နှစ်စဉ်ကျင်းပနိုင်ဖို့ နိုင်ငံတော်၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များက ဝိုင်းဝန်းပံ့ပိုးပေးကြပါတယ်" ဟုလည်း ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က ရှင်းပြသည်။

ထို့နောက် ဂုဏ်ပြုပွဲခန်းမအတွင်း အလုပ်များနေသော အမျိုးသားသွေးဌာန(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)မှ တာဝန်ခံ ဒေါက်တာသီတာအောင်နှင့် တွေ့ဆုံမေးမြန်းရာ "လူနာများကို ကုသတဲ့အခါ အဓိကထောက်ပံ့ကူညီပေးတဲ့ သွေးလှူရှင်တွေကို နိုင်ငံတော်က ချီးမြှင့်တဲ့ပွဲပါ၊ ရှားပါးတဲ့သွေးကောင်းသွေးသန့် သွေးအလှူရှင်ကြီးတွေ သူတို့ရဲ့ ကျန်းမာရေး ညီညွတ်အောင် နေထိုင်ကြဖို့ တိုက်တွန်းချင်တဲ့ ရည်ရွယ်ချက်လည်းပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။



**"လူနာကို ကုသတဲ့အခါ အဓိက ပံ့ပိုး ကူညီတဲ့ သွေးလှူရှင် တွေကို နိုင်ငံတော် က ချီးမြှင့် ဂုဏ်ပြုတဲ့ ပွဲလည်း ဖြစ်ပါ တယ်"**
ဒေါက်တာ သီတာအောင် အမျိုးသား သွေးဌာန (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး)
**ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

## ဂုဏ်ပြု

ယခု အကြိမ်(၃၀)မြောက် သွေးအလှူရှင်များ ဂုဏ်ပြုပွဲသို့ အကြိမ်(၅၀)အထက် သွေးအလှူရှင်များကို ဖိတ်ကြားပြီး ဂုဏ်ပြုခြင်းဖြစ်ရာ သွေးကောင်းသွေးသန့်ပိုင်ရှင်ကြီးများအနေဖြင့် မိမိတို့၏ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်ကာ လူနာများအား ဆက်လက်ကယ်တင်သူများ အဖြစ် ရပ်တည်နိုင်ကြရန် လိုအပ်ပေသည်။

## (၁၆၅)ကြိမ်

ထို့နောက် မြန်မာနိုင်ငံတွင် အကြိမ်အများဆုံး သွေးလှူရှင် ဦးခွန်စိုင်းမောင်မောင်ကြီး (ဗိုလ်မှူးကြီးအငြိမ်းစား)နှင့် တွေ့ဆုံကာ သွေးလှူဒါန်းခဲ့မှုနှင့် ပတ်သက်၍ မေးမြန်းရာ "လွန်ခဲ့တဲ့ ၁၉၅၈ခုနှစ်လောက်က ကျွန်တော် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လူနာတစ်ဦး သတင်းမေးဖို့ ရောက်လာတယ်။ ဒီအချိန်မှာ အဘွားကြီးတစ်ဦး ငိုနေတာတွေ့လို့ မေးကြည့်တော့ သူက ပိုပြီးတော့ငိုတယ်။ ကျွန်တော် တတ်နိုင်တာ ကူညီချင်လို့ပါ ပြောတော့မှ သူ့သားလေး သွေးလိုနေတဲ့အကြောင်း ပြောပြပါတယ်။ ဒါနဲ့ သွေးအမျိုးအစားလည်းတူတော့ ချက်ချင်းလှူဖြစ်သွားတာပါ။ အဲဒီကစပြီး မိမိသွေးနဲ့ လူတွေအသက်ကို ကယ်တဲ့အလုပ်လုပ်မယ်လို့ ဆုံးဖြတ်ပြီး သွေးလှူဒါန်းနိုင်ခဲ့တာ အခုဆိုရင်(၁၆၅)ကြိမ်ရှိပါပြီ။ နောက်လည်း ဆက်တိုက်လှူဒါန်းသွားမှာပါ"ဟု ပြောကြားသည်။ မရမ်းကုန်းမြို့နယ် ရန်ကုန်တွင် နေထိုင်သည့် အသက် ၆၄ နှစ်အရွယ်ရှိ ဦးခွန်စိုင်းမောင်မောင်ကြီးမှာ ကျန်းကျန်းမာမာနှင့် ဖျတ်ဖျတ်လတ်လတ်ရှိနေဆဲကို တွေ့ရသည်။



**"အသက် ၁၈ နှစ်အရွယ်က စပြီး ပုံမှန်သွေးလှူဒါန်းခဲ့ပါတယ်"**
ဦးလှအေး(ဒဂုံတောင်)
(၁၁၆)ကြိမ်မြောက်သွေးလှူရှင်။
**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း**



**"မိမိရဲ့သွေးနဲ့ လူတွေအသက် ကယ်မယ်လို့ ဆုံးဖြတ်ပြီး သွေးလှူ ဖြစ်ခဲ့တာပါ"**
ဦးခွန်စိုင်းမောင်မောင်ကြီး
(၁၆၅)ကြိမ်မြောက်သွေးလှူရှင်။
**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

တစ်ဖန် ရင်ဘတ်တွင် ဆုတံဆိပ်များ ချိတ်ထားသော (၁၁၆)ကြိမ်မြောက် သွေးအလှူရှင် ဦးလှအေးကလည်း "အသက် ၅၇နှစ် ရှိပါပြီ၊ ဒဂုံတောင်မှာနေပါတယ်။ အသက် ၁၈ နှစ်သား အရွယ်ကတည်းက နှစ်စဉ် ပုံမှန်သွေးလှူဒါန်းခဲ့တာပါ။ မတော်တဆဖြစ်ရပ်တစ်ခုကြောင့် သွေးလိုနေတဲ့ လူနာတစ်ဦးကို ချက်ချင်းဆုံးဖြတ်ပြီး သွေးလှူဒါန်းခဲ့တာကစပြီး အခုထိ ဆက်တိုက် သွေးလှူဖြစ်သွားတာပါ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

## မွန်မြတ်သည့်အလှူ

သွေးလှူရှင်တို့၏ မျက်နှာသည် ပကတိ ကြည်လင်လျက်ရှိသည်။ နူးညံ့သိမ်မွေ့မှုများကို အထင်းသား တွေ့ရသည်။ ထို့နောက် (၁၀၂)ကြိမ်မြောက် သွေးလှူရှင်ဖြစ်သည့် ရွှေလိုင်အုတ်ကျောင်း ကျောင်းကြီးတိုက် ကြည့်မြင်တိုင်မှ ဆရာတော် ဦးအာစိဏ္ဏကလည်း "ကိုရင်ဘဝကတည်းက သွေးလှူခဲ့တာပါ၊ ငယ်စဉ်ကတည်းက ကိုယ့်သွေးနဲ့ သူတစ်ပါးအသက်ကို ကယ်တင်ချင်တယ်။ မွန်မြတ်တဲ့ အလှူတစ်ခုလို့လည်း စိတ်ထဲခံယူထားတယ်။ လူနာကို တိုက်ရိုက်လှူဒါန်းတာတွေလည်း အကြိမ်အများကြီးပါပဲ။ ကိုယ့်သွေးနဲ့ ဝေဒနာရှင်တွေကို ဆက်ပြီး လှူဒါန်းသွားဦးမှာပါ"ဟု ဆရာတော်က မြွက်ကြားသည်။ ဘဝတစ်လျှောက်လုံး သွေးဖြင့်လူနာများကို အသက် ကယ်တင်ခဲ့ရသည်ကို ပီတိဖြစ်နေမှုကို ဆရာတော်မျက်နှာ၌ ပေါ်လွင်လျက်ရှိသည်။

နောက်ထပ် (၈၇)ကြိမ်မြောက် သွေးအလှူရှင် တစ်ဦးဖြစ်သူ မရီရီစန်းကလည်း "အသက်က ၄၈ နှစ်ပါ။ သာကေတမှာနေပါတယ်။ အသက် ၁၆ နှစ်ကတည်းကစပြီး သွေးလှူခဲ့တာပါ။ လူနာကို တိုက်ရိုက်သွေးလှူခဲ့တဲ့ အကြိမ်က(၄၀)ကျော်ပါတယ်။ သွေးလှူနေတဲ့ အချိန်မှာ မိမိကြောင့် လူနာအသက်ရှင်ခွင့်ရမယ်ဆိုတဲ့ အတွေးက အမြဲဖြစ်ပေါ်နေပါတယ်။ နောက်ထပ် လှူဒါန်းနိုင်သမျှ သွေးလှူသွားမှာပါ"ဟု ပြောကြားသည်။

## စိတ်ကြည်နူး

ယခုအကြိမ်(၃၀)မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲတွင် (၁၆၅)ကြိမ် သွေးလှူရှင်မှ အကြိမ်(၅၀)အထိ သွေးလှူရှင် အမျိုးသား ၅၆၈ ဦး၊ အမျိုးသမီး ၃၉ဦး၊ သံဃာတော် ၄၆ ပါး စုစုပေါင်း ၆၅၃ ဦးတို့အား ဂုဏ်ပြု ဆုတံဆိပ်များ၊ ဂုဏ်ပြုပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်နေသည့် မြင်ကွင်းက စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ မြင်ကွင်းပင်ဖြစ်သည်။

## အသက်ကယ်

ကမ္ဘာပေါ်တွင် အစားထိုးထုတ်လုပ်၍ မရသေးသော လူ့သွေးကား ခန္ဓာကိုယ်တွင် မရှိမဖြစ် လိုအပ်နေသည်ဖြစ်ရာ သွေးကို လှူဒါန်းသူများသည် အသက်ကယ်ပေးနေသူများဖြစ်သဖြင့် ပြုနိုင်ခဲလှသည့် ထူးခြားသည့် ဇီဝိတဒါန အလှူရှင်များပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

---

# အင်တာနက် သတင်းနှင့်ဓာတ်ပုံ

## ဒစ္စကာဗာရီ လွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦး နိုင်ငံတကာစခန်းယာဉ်၏ ဒိုင်းခွေတစ်ခုတပ်ဆင်ပေး



**လန်ဒန် ဒီဇင်ဘာ ၁၄**

နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)သို့ ၁၂ရက်ကြာ သွားရောက်သည့် ဒစ္စကာဗာရီ လွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူး နှစ်ဦးဖြစ်သည့် ခရစ္စဖူဂယ်ဆန်နှင့် ရောဘတ်ကာဆင်းတို့သည် အင်္ဂါနေ့က အာကာသအတွင်း ပထမဆုံး လမ်းလျှောက်ခဲ့သည်။

### တပ်ဆင်

ခြောက်နာရီကျော်ကြာ လမ်းလျှောက်ထွက်စဉ် ယာဉ်မှူးနှစ်ဦးသည် အာကာသစခန်းယာဉ်၏ ဒိုင်းခွေတစ်ခုကို တပ်ဆင်သည်။

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)ကို တနင်္လာနေ့က ချိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

အင်ဂျင်နီယာများက လွန်းပြန်ယာဉ်ကို ကြည့်ရှုစစ်ဆေးရာ၌ ယခုအထိ စိုးရိမ်ဖွယ်ရာမတွေ့ရဟု သိရသည်။

**(ကိုးကား–အင်တာနက်)**

---

# (၆၁)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ထားဝယ်မြို့ ဘုမ္မော်ရပ်(မအူပင်မြို့ မိဘဂုဏ်ရည်) သွေးအလှူရှင်အဖွဲ့ဝင် ကြက်ခြေနီ တပ်ဖွဲ့ဝင် မလွင်လွင်မော်**(ယာပုံ)**သည် မြောက်ဥက္ကလာပ ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်၌ ဒီဇင်ဘာ ၁၂ရက်က (၆၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**



# (၈၇)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ် (၃)လမ်း အမှတ် ၄၁နေ ဦးစန်းမောင်မြင့် (လူမှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၁၂ရက်တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာန၌ စေတနာအလျောက် (၈၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ **(က–ပ)**

15-12 (05) 1 12/15/06, 3:00 AM

# အလောင်းတော်ကဿပအရှင်မြတ်အား ထမနဲဆွမ်းနှင့်ဆီမီး၉၀၀၀ ကပ်လှူပူဇော်မည်

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

အလောင်းတော်ကဿပမထေရ်မြတ်ကြီးအား (၃၉)ကြိမ်မြောက်ထမနဲဆွမ်းနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲကို အလောင်းတော်ကဿပ ဝန်ဆောင်မှုအဖွဲ့နာယကဆရာတော်ဦးသုမန ဦးဆောင်၍ တပို့တွဲလပြည့်နေ့ နံနက် မဟာမြိုင်အလောင်းတော်ကဿပစံကျောင်းတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လိုက်ပါလိုသူ ကုသိုလ်ရှင် အလှူရှင်များသည် ရန်ကုန်မြို့ ဝန်ဆောင်မှုအဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ဌေး အမှတ်(၈၂၀) မဟာဗန္ဓုလလမ်း (၁၀လမ်းထိပ်) ဖုန်း-၂၂၆၀၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပိုလ်စိန်မှန် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပိုလ်စိန်မှန်ရပ်ကွက်လုံးဆိုင်ရာ သာသနာ့ပါလ ဓမ္မာရုံက ကြီးမှူးကျင်းပသော (၁၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် (၂၉)ကြိမ်မြောက် ဓမ္မသဘင်တို့ကို ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၆ရက်တွင် တောင်တွင်းကြီးဆရာတော် ဦးမုနိန္ဒက လည်းကောင်း၊ ၁၇ရက်တွင် ရွှေလင်းယုန်ဆရာတော် အရှင်အရဝိန္ဒာဘိဝံသ (သာသနဓဇ ဓမ္မာစရိယ)က လည်းကောင်း၊ ၁၈ရက်တွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရ (ဗဟုဇနဟိတဓရ၊ ပိဋကတစ်ပုံခွဲဆောင်)ကလည်းကောင်း ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုဟောကြားမည်။ ထို့ပြင် ၁၉ရက်မှ ၂၃ ရက်အထိ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယ ပွဲတော်ကို ဗဟန်းမြို့နယ် ပိုလ်စိန်မှန်အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ခရမ်းမြို့ ကံသာကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ ကံသာကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ကံသာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဇောတိက ဦးစီးလျက် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တတိယပတ် ခုနစ်ရက်တရားစခန်းကို ဒီဇင်ဘာ ၁၇ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ပြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ နန္ဒသာရနှင့် ပဋ္ဌိစ္စသမုပ္ပာဒ် သင်တန်း မဟာသဒ္ဓမ္မကထိက ဆရာကြီး ဦးကျော်နိုင် (မန္တလေး)တို့က ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောပြောမည်ဖြစ်သည်။ တရားစခန်းသို့ ဝင်ရောက်မည့် ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း ၀၁-၃၉၀၁၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# သဲအင်းဂူငါးရက်တရားစခန်း

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာ့ဒီပ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပသော အဓိဋ္ဌာန်တရားစခန်းပွဲကို မူလကျေးဇူးရှင် သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ(သာသနာ့ဒီပ) ဆရာတော်များက ပြာသိုလဆန်း ၁ရက်မှ ၅ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ နတ်တော်လကွယ်နေ့ ညနေအရောက် မိမိတို့မှတ်ပုံတင်များ ယူဆောင်၍ လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ဖဲကြိုးဖြတ်ဖွင့်လှစ်

**ဒီဇင်ဘာ ၁၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကူးတို့ဆိပ်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဒီဇင်ဘာအားကစား လှုပ်ရှားမှုအဖြစ် ရပ်ကွက်အဆင့် ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မျိုးဦး ဘောလုံးပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



**"ငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ကြိုးပမ်းလျက်ရှိပါတယ်"**

ဦးသန်းလွင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း

❒ ရှေ့ဖုံးမှ

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အောင်မြင်စွာ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သည် တိုင်းရင်းသား ရေလုပ်ငန်းရှင်များပေါင်းစုံစုစည်း၍ ရေလုပ်ငန်းဆိုင်ရာ အခန်းကဏ္ဍကို အရှိန်အဟုန်မြင့်မားစွာ တိုးတက်အောင် ဆောင်ရွက်နိုင်သည့် ဘူမိနက်သန်နေရာမှန်ဖြစ်သည်မှာ ယနေ့ကာလတွင် မျက်မြင်ထင်ရှားတွေ့မြင်နေရပြီဖြစ်သည်။

## စည်ကားသိုက်မြိုက်

ထိုသို့ အောင်မြင်မှုများရရှိနေသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် တည်ထောင် ဖွဲ့စည်းခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ရှစ်နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယင်းမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်(၂၀၀၆)ကို အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း၌ ဒီဇင်ဘာ၁၅ရက် ညနေပိုင်းမှ ဒီဇင်ဘာ၁၇ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကျင်းပရခြင်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သိကောင်းစရာများနှင့်စပ်လျဉ်း၍ မြန်မာ့အလင်း သတင်းအဖွဲ့က ယင်းမြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်သို့ သွားရောက်မေးမြန်းခဲ့ပါသည်။

## စားသုံးမှုဖူလုံရေး

ရှေးဦးစွာ မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်က "မိမိတို့အနေနဲ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရဲ့ လမ်းညွှန်ချက်ကို ခံယူပြီး မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်၊ နိုင်ငံတကာဈေးကွက်ဝင်ငါးများမွေးမြူထုတ်လုပ်ပြီးပြည်တွင်း



**မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်တွင် ပြသထားမည့် အလှမွေး ငါးတစ်မျိုးဖြစ်သည့် Lion Head ကို ဤသို့ လှပစွာတွေ့ရသည်။**

စားသုံးမှုဖူလုံစေရေးနှင့် ပိုလျှံသည်များ ပြည်ပတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု မြန်မာ့အလင်းသို့ ပဏာမ ရှင်းလင်းပြောကြားသည်။

"အဲဒီလို ကုန်ထုတ်စွမ်းအားများ မြှင့်တင်ရာမှာ မျိုးကောင်းမျိုးသန့်ငါးများ မွေးမြူရေးကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ပူးပေါင်းပြီး ပြည်တွင်း ရေလုပ်ငန်း လုပ်ကိုင်ကြသူများကို သင်တန်းတွေပေးရပါတယ်။ ဒါ့အပြင် ငါးမွေးမြူရေးလုပ်ကိုင်လိုတဲ့သူတွေကို ငါးသားပေါက်များရရှိရေး၊ လုပ်ငန်းအတွက် လိုအပ်တဲ့ အရင်းအနှီးများ ရရှိရေးစတာတွေကို မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းက ဆောင်ရွက်ပေးနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးစိုးတင့်က ရှင်းလင်း ပြောကြားရာ "မိမိတို့ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းဟာ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်အောက်က လုပ်ငန်းများ ဆောင်ရွက်နေတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်အောက်မှာ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါး၊ ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့အလှမွေးငါး ဝါသနာရှင်များအသင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ကိုင်သူများအသင်းဟူ၍ ရှိပါတယ်"ဟုဦးစွာရှင်းလင်းပြောကြားသည်။

## မွေးမြူထုတ်လုပ်

မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းဟာ ရေချိုရေငန်ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများကို စုစည်းထားခြင်းဖြစ်ပါတယ်။ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ အညီ တစ်နှစ်ထက်တစ်နှစ် ငါးများမွေးမြူထုတ်လုပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ငါးမွေးကန် ဧကနှစ်သိန်းနီးပါးရှိပါတယ်။ တစ်နေ့ကို ပိဿာချိန်အားဖြင့် တစ်သိန်းကျော်လောက်ထွက်ပါတယ်။ အများဆုံးမွေးမြူထုတ်လုပ်တဲ့ ငါးတွေကတော့ ငါးမြစ်ချင်းတို့လို၊ ကမ္ဘာတစ်ဝန်းလုံးက လူကြိုက်များတဲ့ တီလားပီးယား ငါးတို့၊ ကကတစ်တို့စတဲ့ ငါးတွေအများဆုံး မွေးမြူထုတ်လုပ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



**"နိုင်ငံတကာဈေးကွက်ကို ယှဉ်ပြိုင်နိုင်ရန် တီလားပီးယားငါးများတိုးချဲ့မွေးမြူထုတ်လုပ်နေပါတယ်"**

ဦးစိုးတင့်
အတွင်းရေးမှူး
မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းရှစ်သင်းတွင် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းလည်း အပါအဝင်ဖြစ်သည်။ ၎င်းအသင်းကို ၂၀၀၄ခုနှစ် မေလက ဖွဲ့စည်းခဲ့ပြီး အဆင့်မြင့်ပုစွန်မွေးမြူရေးပညာများ ဖြန့်ဝေပေးရေး၊ နိုင်ငံတော် အစိုးရ၏ ပုစွန်တိုးချဲ့မွေးမြူရေး စီမံကိန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ပုစွန်မွေးမြူခြင်းဖြင့် ထိုက်သင့်သော လူနေမှုဘဝ မြင့်မားတိုးတက်လာစေရေး၊ မြန်မာနိုင်ငံအတွင်း၌ ပုစွန်လုပ်ငန်းနှင့် ပတ်သက်၍ ပညာရှင်များ၊ ကုမ္ပဏီများ စုစည်းမှု ဖြစ်ပေါ်ရေးစသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သည်။

## နိုင်ငံတကာဈေးကွက်

မြန်မာ့ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ပို့ကုန်လုပ်ငန်းများ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာဈေးကွက်တွင် အဆင့်မြင့်မားစွာ ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက်လည်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်တွင် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းကိုလည်း ဖွဲ့စည်းထားကြောင်း သိရသည်။



**မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်တွင် ပြသထားသည့် အလှမွေး ငါးတစ်မျိုးဖြစ်သည့် အိန်ဂျယ်အမည်ရှိ အလှမွေးငါးတစ်မျိုး။**

## ဈေးကွက်ထိုးဖောက်

ထို့အပြင်ကဏန်းမွေးမြူထုတ်လုပ်တင်ပို့ခြင်းဖြင့် ပြည်ပဈေးကွက်ရရှိစေရန်လည်း၊ ကဏန်းလုပ်ငန်းရှင်များ အသင်းကိုလည်း ၁၉၉၉ခုနှစ်က ဖွဲ့စည်းနိုင်ခဲ့သည်။ တစ်ဖန်ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်တွင် ငါးရှဉ့်မွေးမြူသူများအနေဖြင့် ငါးရှဉ့်မွေးမြူထုတ်လုပ်ပြီး ပြည်ပဈေးကွက် ထိုးဖောက်အောင်မြင်စေရန်လည်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်းကို ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

## ဖွဲ့စည်း

မြန်မာ့ရေပြင်ရှိ အလှမွေးငါးများကိုရှာဖွေသုတေသနပြု၍ နိုင်ငံတကာဈေးကွက်ရရှိရေး၊နည်းပညာဖလှယ်ရေး၊ သတင်းအချက်အလက်များစုဆောင်း၍ ဝါသနာရှင်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ငါးမျိုးများရေရှည်တည်တံ့ရန်အတွက် ထိန်းသိမ်း စောင့်ရှောက်ရန် ရည်ရွယ်သော်လည်း မြန်မာ့အလှမွေးငါးဝါသနာရှင်များ အသင်းကို ၂၀၀၁ခုနှစ်က ဖွဲ့စည်းခဲ့သည်။

## အသင်းဝင်

ယခုအခါ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်တွင် ပြည်နယ်နှင့်တိုင်းအလိုက် ငါးလုပ်ငန်းအဖွဲ့ချုပ်များ ဖွဲ့စည်းပေးခဲ့ရာ အသင်းဝင်အားဖြင့် ၄၅၂၂ ဦးရှိနေပြီဖြစ်ကြောင်း သိရသည်။

## ရှာဖွေပေး

သို့ဖြစ်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းရှစ်သင်းတို့သည် ရေထွက်ပစ္စည်းများဖြစ်သည့် ငါး၊ပုစွန်များ ပြည်တွင်းစားသုံးမှု ဖူလုံစေရုံမက ပြည်ပနိုင်ငံခြားဝင်ငွေပါ ရှာဖွေပေးလျက်ရှိသော အဖွဲ့အစည်းများ အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

## အတုလဇိနစေတီတော် အာရုံခံဓမ္မာရုံ အုတ်မြစ်ချမင်္ဂလာ မဟာပဌာန်းပူဇော်ပွဲနှင့်တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ်ရှိ ရေသိုးကျေးရွာနှင့် ကိုင်းတောကွင်းကျေးရွာနှစ်ရွာကြား၌ ရှေးဟောင်းစေတီတော်အား ဦးစံဝင်းအောင်(မြို့နယ်တရားသူကြီး၊ငြိမ်း)နှင့် ဒေါ်ဆွေဆွေဝင်းတို့က ဦးဆောင်၍ ရန်ကုန်မြို့ရှိ အလှူရှင်များ၏ကုသိုလ်ဖြင့် ပြန်လည် ပြုပြင်မွမ်းမံခဲ့သော အတုလဇိနစေတီတော်၏ အာရုံခံဓမ္မာရုံအုတ်မြစ်ချ ရေစက်ချမင်္ဂလာမဟာပဌာန်း ပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၆ရက်(စနေနေ့) ည၆နာရီတွင် ဆီမီးတစ်ထောင်ပူဇော်ပွဲကို စေတီတော်ရင်ပြင်၌ လည်းကောင်း၊ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အင်္ဂပူဆရာတော် ဦးစက္ကိန္ဒ(အဂ္ဂမဟာအကျော်)က တရားတော်များဟောကြားချီးမြှင့်ပြီးနံနက် ၁၀နာရီတွင် ပြုပြင်မွမ်းမံမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



ရန်ကုန်တိုင်း အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားပွဲတော် ကျင်းပရေး ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို သန္တိသုခဓမ္မာရုံကြီးတွင် ဒီဇင်ဘာ၁၂ရက်က ကျင်းပရာ အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးစောလွင်က စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြစဉ်။ (၁၂၉)

## တစ်မျိုးသားလုံးရဲ့အသံ

✡ ဒို့နိုင်ငံကို၊ ဒို့ထက်ပိုချစ်
ကြွေးကြော်ဟစ်နေ၊ လက်သစ်ကိုလိုနီ
စနစ်ဆီသို့၊ ရည်ရွယ်ချက်ဆိုး
အကြံဆိုးနဲ့၊ အမျိုးလည်းပျက်
တိုင်းပြည်ဖျက်ရန်၊ စဉ်ဆက်မပြတ်
အထပ်ထပ်အခါခါ၊ သွေးခွဲလာလည်း
"မြန်မာလူမျိုး၊ အညွန့်ကျိုးမခံ"
တွန်းလှန်ဖယ်ရှား၊ အမျိုးသားစိတ်ဓာတ်
မတ်မတ်ခိုင်ခိုင်၊ မယိမ်းယိုင်ဘူး
တစ်နိုင်ငံလုံးက၊ တိုက်ဖျက်မည်။

✡ ဒို့လူမျိုးအကြောင်း၊ အကောင်းအဆိုး
ကြောင်းကျိုးမလျော်၊ အော်ဟစ်ဆူညံ
မမှန်သတင်းပေး၊ ပြည်တွင်းရေးတွေ
သွေးထိုးမြှောက်ပင့်၊ မည်မျှလွှင့်လည်း
ချင့်ချိန်စဉ်းစား၊ မြန်မာများ၏
သွေးသားထဲအရောက်၊ မထိုးဖောက်နိုင်ဘူး
"ကျောက်ဆောင်အလား၊ ပြည်တွင်းအားကို"
ခွဲခြားသမှု၊ လာမပြုနှင့်
ပြည်သူ့အားနှင့်၊ တိုက်ဖျက်မည်။

✡ သယံဇာတ၊ ကြွယ်ဝချမ်းသာ
ဒို့မြန်မာသည်၊ ရိက္ခာဖူလုံ
စားမကုန်ဘူး၊ သမိုင်းဦးအစ
ရှေးမဆွကပင်၊ ကိုယ့်အင်ကိုယ့်အား
ကိုယ်အားထား၍၊ သူများအားကိုး
ခါးကျိုးမည့်အလုပ်၊ ဒို့မလုပ်ခဲ့
စက်ရုပ်တစ်ရုပ်၊ ဒို့မဟုတ်ဘူး
ဦးတည်ရည်မှန်း၊ တစ်ခေတ်ဆန်းဖို့
ဒို့လမ်းဒို့ရွေး၊ သမိုင်းရေးရန်
ပြင်းထန်စိတ်ဓာတ်၊ ဖြောင့်မတ်တည်ကြည်
"အမှီအခိုကင်းတာ၊ ဒို့မြန်မာပဲ"
လိပ်ပြာသန့်သန့်၊ ခရီးဆန့်ရင်း
ပြည်တွင်းအင်အား၊ ပြည်တွင်းထားလို့
အဖျက်သမားမှန်သမျှ၊ ချေမှုန်းကြရန်
ဇာတိမာန်သည်၊ တောင်ယံတောလုံး
မိုးသို့ချုန်းမည့်
"တစ်မျိုးသားလုံးရဲ့၊ အသံတည်း"။ ။

**ဟသ်ာတမြင့်ငွေ**





## The Live News ဂျာနယ် အမှတ်(၁၅)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၅) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

(၂၂)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲ၊ သောင်းကျန်းနေတဲ့ဆင်ရိုင်းများ၊ တိရစ္ဆာန်ဥယျာဉ်(၁၀၁)ကြိမ်မြောက်အတွက် ကြိုတင်ပြင်ဆင်၊ အိမ်ခြေ၁၁၀ရှိ၍ဘုရားစေတီ၁၁၇ဆူရှိသော အောင်နန်းရွာ၊ ထူးဆန်းသော ငှက်ပျောပင်၊ ရင်ထဲကပုလဲသွယ်၊ Lap Top တစ်လုံးဒေါ်လာ ၁၀၀၊ အီရတ်မှာ အမေရိကန်မနိုင်ပါဟု ရောဘတ်ဂိတ်ပြောကြား၊ ဖီဂျီတွင် စစ်ဘက်မှ အာဏာသိမ်း၊ အီရတ်အတွက်ရှေ့ဆက်ရမည့်ခရီးနည်းလမ်းသစ်၊ ကိုဖီအာနန်နှင့်အင်တာဗျူး၊ အထက်အညာကြီးက ရှေးဟောင်းမြို့များသို့၊ နျူကလီးယားစွမ်းအင်အတွက် မလေးရှားအဆင်သင့်ဖြစ်ပြီလား၊ ကမ္ဘာ့ဇီဝလောင်စာဆီထုတ်လုပ်မှုနှင့် အလားအလာ(တရုတ်အတွေ့အကြုံ)၊ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ ကဗျာ၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်အပြင် ရွှေပြည်စိုးစာပေတိုက်မှ မကြာမီထုတ်ဝေဖြန့်ချိမည့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကာကွယ်ရေးဝန်ကြီးဌာနစခန်းမှူးရုံး စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၀၆ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်၌လည်းကောင်း၊ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်၌လည်းကောင်း နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ယင်းပြိုင်ပွဲများသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

### ယှဉ်ပြိုင်

အဆိုပါစစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ရုံး/ဌာန အသီးသီးမှ အရာရှိ၊စစ်သည်များအဆင့်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြရာ စစ်သည်တော်ကျင့်ဝတ်တွင် အရာရှိ ၂၉ ဦး၊ အရာခံ ၄၆ ဦး၊ အကြပ် ၅၉ ဦး၊ တပ်သား ၃၃ ဦး ဝင်ရောက်ဖြေဆိုကြပြီး ကျပန်းစကား ပြောပြိုင်ပွဲတွင် အရာရှိ ၁၆ ဦး၊ အရာခံ ၂၀ ၊ အကြပ် ၃၅ ဦး၊ တပ်သား ၁၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ကြမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန် တက္ကသိုလ် ၁၉၈၂ တတိယနှစ်၊၁၉၈၃ စတုတ္ထနှစ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံ ညစာစားပွဲကို ဒီဇင်ဘာ ၃၀ရက် (စနေနေ့) ညနေ ၃ နာရီတွင် အမှတ် ၁၆ ဦးထွန်းငြိမ်းလမ်းနှင့် ပါရမီလမ်းထောင့် ချော်တွင်းကုန်း မရမ်းကုန်းမြို့နယ် KYK စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုသူများနှင့် အလှူငွေများ ထည့်ဝင်လိုသူများသည် ဦးအောင်မိုး-ဒေါ်မူမူရှိန် ဖုန်း-၂၂၈၅၇၅၊ ဦးကျော်စိုးလွင်-ဒေါ်ခင်ဝါဇော် ဖုန်း-၀၉-၅၀-၀၈၃၂၈၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉ ၈၀ - ၃၀၂၆၈၊ ဦးထိန်ဝင်း-ဒေါ်အေးအေး ဖုန်း-၀၉-၅၀-၁၇၀၇၁၊ ဒေါ်ချိုချိုအေး ဖုန်း-၂၅၄၈၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

**မီးဘေးရှောင် မလောင်ခင်တား**

## မြန်မာ့ရုပ်မြင်သံကြား

**၁၅-၁၂-၂၀၀၆ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင် |
| ၈း၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၀၅ | ၇။ | ကြေးမုံရိပ်သွင်တေးနှယဉ် |
| ၈း၁၅ | ၈။ | အကပြိုင်ပွဲ |
| ၈း၂၅ | ၉။ | တံတားအလှပန်းလောင် |
| ၈း၃၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | English for Everyday Use |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ အထူးပြု) [ဓာတုဗေဒ] |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၁၅ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၂၅ | ၇။ | **"အလျော်အစား"** ဇင်ဝိုင်း၊ ငွေဇင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း) |
| ၁၇း၃၅ | ၈။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၄၅ | ၉။ | နှောင်းခေတ်တေးပဒေသာ |
| ၁၈း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၂။ | သုတစုံလင်ရွှေဉာဏ်ရှင် |
| ၁၉း၀၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၆) |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေးပထမချစ်ပုံပြင်"** (အပိုင်း-၂၆) |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ်အတွင်း၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် တိုက်မိုင်းပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူသုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၁ရက် နံနက်၁၀နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ရှမ်းခနုကျေးရွာမှ ဒေါ်ရှဲတောနှင့် ကလေးငယ်သုံးဦးတို့သည် တောင်ယာလုပ်ငန်း လုပ်ကိုင်ရန်သွားရောက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသော တိုက်မိုင်းတစ်လုံးကို တိုက်မိပေါက်ကွဲခဲ့သဖြင့် ဦးကျားတယ်၏သမီး ဒေါ်ရှဲတော အသက်(၂၈)နှစ်သည် ဦးခေါင်းနှင့် ရင်ဘတ်တို့၌ မိုင်းစထိမှန်၍လည်းကောင်း၊ ဦးမာရေ၏သား မောင်ရှာဖတ် အသက်(၉)နှစ်သည် ဘယ်ညာခြေနှစ်ဖက်လုံး ကြေမွဒဏ်ရာဖြင့်လည်းကောင်း နေရာတွင်ပင် သေဆုံးသွားကြပြီး၊ ဦးကျရ၏သမီး မကျော့မွေး အသက်(၉)နှစ်သည် ချက်အောက်၌ မိုင်းစထိမှန်၍ ဝဲဘက်လက်ကျိုးသွားကာ ဆေးကုသမှုခံယူရန် ကျိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခုလတ်၌ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်းနှင့် ဦးကျဖူး၏သား မောင်ကျက အသက်(၁၀)နှစ်သည် ဘယ်ညာပေါင်နှင့် ဝမ်းဗိုက်၊ နဖူး၊ နှုတ်ခမ်း၊ ညာပခုံးတို့၌ မိုင်းစ ရုပ်မှန်ဒဏ်ရာရရှိခဲ့ရာ တာဝန်ရှိသူများက လိုအပ်သောဆေးဝါးကုသမှုများနှင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရအောင် လက်နက်အားကိုး မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရသူနှင့် အမျိုးသားစာပေဆု ရရှိသူများ

## အမျိုးသားစာပေ တစ်သက်တာဆု–စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)

| စဉ် | ဘာသာရပ် | စာအုပ်အမည် | ရေးသူ | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည် | နေမင်းတစ်ထောင်(ရှစ်အုပ်တွဲ) | ဆင်ဖြူကျွန်းအောင်သိန်း | ပုဂံစာအုပ်တိုက် |
| ၂ | ဝတ္ထုတိုပေါင်းချုပ် | အိပ်တန်းပြန် မုဒိတာငှက်များဝတ္ထုတို စုစည်းမှု | ယဉ်ယဉ်နု(မန္တလေး) | ချိုတေးသံစာပေ |
| ၃ | ကဗျာပေါင်းချုပ် | ဗီဇအလင်းငှက်ကဗျာများ | ဇာနည် | ရှင်မတောင်စာပေ |
| ၄ | စာပဒေသာ | ငွေကြယ်များကိုသက်သေတည်၍ ရွှေပင်လယ်ကိုဖြတ်သန်းခြင်း | မောင်မိုးယံ | စာပေဗိမာန် |
| ၅ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ | မဟာဗုဒ္ဓဝင် ကွက်စိပ်ဓာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့် | မင်းသျှင်အောင် (တွံတေး) | စာပေဗိမာန် |
| ၆ | ကလေးစာပေ | မြန်စာဂုဏ်တင့် ငွေကြယ်ပွင့်သတ်ပုံကဗျာများ | တင်လင်းဇော် | ဇင်ရတနာစာပေ |
| ၇ | ဘာသာပြန် (သုတေစာပေ) | အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရော | နန်းမြကေခိုင် | Quality Publishing House |
| ၈ | ဘာသာပြန်(ရသစာပေ) | ဘဝအလွမ်းအိမ် | မောင်ရဲခိုင် | ရာပြည့်စာအုပ်တိုက် |
| ၉ | သုတပဒေသာ(ဝိဇ္ဇာ) | ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး(၁၈၈၆–၉၇) | မကြန် | မြန်မာ့ရတနာစာပေ |
| ၁၀ | သုတပဒေသာ (ရိုးရိုးသိပ္ပံ) | နှစ်(၄၀)ဆေးသုတေသီတစ်ဦး၏ ဒိုင်ယာရီ | ဒေါက်တာအေးကျော် (ဆေးသုတေသန) | မိုးနှင်းစာပေ |
| ၁၁ | သုတပဒေသာ (အသုံးချသိပ္ပံ) | သစ်သားဆိုင်ရာနည်းပညာ | ဝင်းချစ် | ယုံကြည်ချက်စာပေ |
| ၁၂ | နိုင်ငံရေးစာပေ | သံတမန်လမ်းညွှန် | သံအမတ်ကြီးဦးဖေသိန်းတင် | ယုံကြည်ချက်စာပေ |

## ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆုများထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ **'နေမင်းတစ်ထောင်'** (ရှစ်အုပ်တွဲ)၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ယဉ်ယဉ်နု(မန္တလေး)၏ **'အိပ်တန်းပြန် မုဒိတာငှက်များ ဝတ္ထုတိုစုစည်းမှု**၊ ကဗျာပေါင်းချုပ်ဆုတွင် ဇာနည်၏ **'ဗီဇအလင်းငှက် ကဗျာများ'**၊ စာပေပဒေသာဆုတွင် မောင်မိုးယံ၏ **'ငွေကြယ်များကို သက်သေတည်၍ ရွှေပင်လယ်ကိုဖြတ်သန်းခြင်း'**၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတွင် မင်းသျှင်အောင်(တွံတေး)၏ **'မဟာဗုဒ္ဓဝင် ကွက်စိပ် ဓာတ်ထုပ်များနှင့် ဒဂုဏ်ဆရာညွန့်'**၊ ကလေးစာပေဆုတွင် တင်လင်းဇော်၏ **'မြန်စာဂုဏ်တင့်ငွေကြယ်ပွင့် သတ်ပုံကဗျာများ'**၊ ဘာသာပြန်(သုတစာပေ)ဆု တွင် နန်းမြကေခိုင်၏ **'အိပ်မက်ခွန်အားဖြင့် ကမ္ဘာကျော်သူ ဟွန်ဒါဆိုးအိချိရော'**၊ ဘာသာပြန်(ရသစာပေ)ဆုတွင် မောင်ရဲခိုင်၏ **'ဘဝအလွမ်းအိမ်'**၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် မကြန်၏ **'ကိုလိုနီခေတ်ဦး ကျေးရွာအုပ်ချုပ်ရေး(၁၈၈၆–၉၇)'**၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ) ဆုတွင် ဒေါက်တာအေးကျော်(ဆေးသုတေသန) ၏ **'နှစ်(၄၀)ဆေးသုတေသီတစ်ဦး၏ ဒိုင်ယာရီ'**၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ဝင်းချစ်၏ **'သစ်သားဆိုင်ရာ နည်းပညာ'**၊ နိုင်ငံရေးစာပေဆုတွင် သံအမတ်ကြီး ဦးဖေသိန်းတင်၏ **'သံတမန်လမ်းညွှန်'**တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ်(၁၄)မျိုးရှိသည့်အနက် ပြဇာတ်နှင့် လူငယ်စာပေတို့အတွက် ဆုချီးမြှင့်နိုင်ခြင်း မရှိကြောင်း သိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉–၅၃၁ ကုန်သည်လမ်း စာပေ ဗိမာန်စာတည်းမှူးချုပ် တယ်လီဖုန်းအမှတ် ၂၄၀၀၄၈နှင့်၃၈၁၄၄၉ တို့သို့ အမြန် ဆက်သွယ်ကြရန်ဖြစ်သည်။

ဆုရရှိသူများအား နေပြည်တော်၌ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

### ✡ ကျော့ဖုံးမှ

ရှေးဦးစွာ တစ်သက်တာစာပေဆု ရရှိသူ စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)အား မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။ တစ်သက်တာစာပေဆု ရရှိမှုနှင့် ပတ်သက်ပြီး ဆရာမကြီး စောမုံညင်းက "အားသစ်တစ်ခု လောင်းလိုက်သလို ခံစားရပါတယ်။ ဒီအသက် ဒီအရွယ်မှာ ဒီလို ဆုမျိုးရရှိတာဟာ အင်အားသစ်တစ်ရပ်ကို မွေးဖွားပေးလိုက်သလိုမျိုးလည်း ဖြစ်ရပါတယ်။ ရှေ့ဆက်ပြီး စာတွေ အများကြီး ရေးသွားဦးမှာပါ" ဟု ရွှင်လန်းတက်ကြွစွာ ပြောကြားသည်။



အမည်ရင်း ဒေါ်ရင်ရင်၊ ကလောင်အမည် စောမုံညင်းမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ဇာတိဖြစ်ပြီး မိဘများမှာ အခွန်တော်အမတ်ကြီး ဦးစံတင်နှင့် ဒေါ်ဒေါ်မြို့တို့ဖြစ်သည်။ အသက်၁၁နှစ်အရွယ်ကပင် ကဗျာများ စတင်ရေးသားခဲ့သူဖြစ်ပြီး ယခုအခါ အသက် ၈၇နှစ်ရှိပြီဖြစ်သည်။

ဆရာမကြီး ဒေါ်စောမုံညင်းမှာ ဝိဇ္ဇာဘွဲ့နှင့် ဂျပန်ဘာသာဒီပလိုမာ ရရှိခဲ့သူ ဖြစ်သည့်အပြင် ၁၉၆၃ ခုနှစ်၌ **"ရှေ့ဆောင်လူငယ် သောက်ရှူးကြယ်"** စာအုပ်ဖြင့် ကလေးသူငယ်စာပေဆု၊ ၁၉၆၅ ခုနှစ်၌ **"မြန်မာမှုစုံ ပန်းရဂုံ"** စာအုပ်ဖြင့် ဝိုင်အမ်ဘီအေအသင်း၏ ယဉ်ကျေးမှုစာပေဆု၊ ၁၉၈၉ ခုနှစ်တွင် **"မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု"** စာအုပ်ဖြင့် အမျိုးသားစာပေဆု (ယဉ်ကျေးမှု)၊ ၂၀၀၀ပြည့်နှစ်အတွက် အရှေ့တောင် အာရှစာပေ ရွှေတံဆိပ်ဆု (SEA WRITE AWARD)၊ ၂၀၀၄ ခုနှစ်က ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၂ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သော ဝိဇ္ဇာပညာ ထူးချွန်ဆု(ပထမအဆင့်)နှင့် ယခု နိုင်ငံတော်ကချီးမြှင့်သော တစ်သက်တာစာပေဆုများ ရရှိခဲ့သူဖြစ်သည်။

### မျှော်လင့်မထား

ဆရာမကြီးစောမုံညင်းက "ကျွန်မက မကြာမီကထုတ်ခဲ့တဲ့ 'စောမုံညင်းရဲ့ စောမုံညင်း' စာအုပ်နဲ့ ဆုတစ်ဆု ရရှိလိမ့်မယ်လို့ မျှော်မှန်းထားတာပါ။ အခု တစ်သက်တာ စာပေဆုရတော့လည်း ဝမ်းသာရတာပေါ့။ တစ်သက်လုံး စာပေရေးသားခဲ့ရတော့ ဆောင်းပါးပေါင်းများစွာ ရေးခဲ့သလို အခြားကဗျာစာတွေလည်း အများကြီး ရေးခဲ့ပါတယ်။ ဒီဆုရတာဟာ တကယ့်ကို မျှော်လင့်မထားတာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

### စာအုပ်များ

အသက်၁၁နှစ် သမီးအရွယ်မှ စတင်ကာ တောတောင်ရေမြေ သဘာဝ အလှကဗျာများ စတင်ရေးသားပြီး ရတနာသီဟဂျာနယ်တွင် စတင်ရေးသားခဲ့သော ဆရာမကြီး စောမုံညင်းမှာ လက်ရှိအချိန်တွင် ရေးသားထုတ်ဝေခဲ့ပြီးသော စာအုပ်များမှာ မြန်မာ့ဓာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး၊ ကရင်ပြည်နယ် ဓာတ်ပုံမှတ်တမ်း၊ ကင်းထောက် အမျိုးသမီးလက်စွဲနှင့် မီးပုံပွဲသီချင်းများ၊ မြတ်နိုးဖွယ်ရာ မြန်မာ့ရိုးရာများ၊ နော်ဇာကုံးနှင့် ပုလဲသွယ် (ငွေတာရီဆောင်းပါးများ) စာအုပ်၊ မြန်မာအမျိုးသမီး၊ မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု စသည့်စာအုပ်များ ဖြစ်ကြောင်း သိရသည်။

ဆရာမကြီး စောမုံညင်းမှာ ကျန်းကျန်းမာမာနှင့် ရှိနေဆဲဖြစ်ပြီး စာပေများကို သတင်းစာ၊ မဂ္ဂဇင်းများတွင် အဆက်မပြတ် ရေးသားနေသူလည်းဖြစ်သည်။ စာပေရေးသားခြင်းအပြင် နိုင်ငံတော်က တာဝန်ပေးထားသော မဟာဂီတသီချင်းကြီးရွေးချယ်ရေးဘုတ်အဖွဲ့ဝင်၊ ယဉ်ကျေးမှုတက္ကသိုလ် ဓာတ်သဘင်အကြံပေး၊ မြန်မာစာအဖွဲ့ ဦးစီးဌာနအဖွဲ့ဝင်တို့အပြင် မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း နာယက၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ယဉ်ကျေးမှုအကြံပေး)၊ စာပေစာနယ်ဇင်း အလုပ်အမှုဆောင် တာဝန်များကို တက်ကြွစွာ ထမ်းဆောင်လျက်ရှိသည်။

လောလောဆယ်အချိန်တွင် မြန်မာ့အသံရေဒီယိုဟောပြောချက်များစာအုပ် အမှတ်(၄)ထွက်ရန်ရှိနေကြောင်း၊ စာပေရေးသားမှုများကို တတ်စွမ်းနိုင်သရွေ့ ဆက်လက် ရေးသားသွားမည်ဖြစ်ကြောင်း ဆရာမကြီးစောမုံညင်းက ပြောကြားသည်။

### မောင်မိုးယံ

ဆက်လက်၍ စာပဒေသာစာပေဆုရ မောင်မိုးယံအား မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသော စာရေးဆရာ မောင်မိုးယံ (အငြိမ်းစား ဗိုလ်မှူးမျိုးသန့်) က ပြောကြားရာတွင် "ဒီစာအုပ်ဆုရအောင် ကြိုးပမ်းမှုမှာ အဓိက ကျေးဇူးရှင်က မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကပါ။ ဘယ်လို ရေးသားခဲ့သလဲဆိုရင် မိမိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှာ တာဝန်ထမ်းဆောင်တုန်းက မောင်ပေါက်ကျိုင်းရဲ့ စကားကြီးသုံးခွန်းနဲ့ ကြိုးစားခဲ့ပါတယ်။ မအိပ်မနေ အသက်ရှည်၊ သွားပါများ ခရီးရောက်၊ မေးပါများ စကားရဆိုတဲ့ မောင်ပေါက်ကျိုင်းရဲ့ စကားကြီးသုံးခွန်းအတိုင်း မြန်မာ့ပင်လယ်ပြင်ရဲ့ အခင်းအကျင်းကို မှတ်တမ်းတင်ခဲ့ပါတယ်"ဟု ဦးစွာပြောကြားသည်။

"ခရီးသွားစာပေကိုအားသန်တယ်။ ခရီးသွားခြင်းဟာ အသက်ရှည် ဆေးတစ်မျိုး၊ စိတ်ရဲ့ထွက်ပေါက်တစ်မျိုးပါ။ မရောက်ဖူးတဲ့ဒေသကို ခရီးထွက်မိတိုင်း ကိုယ်ရောက်ခဲ့သလို စာဖတ်ပရိသတ်ကို အဲ့ဒီဒေသရဲ့ အခင်း၊ အကျင်းကို ပြောပြချင်တယ်။ အဓိက ကတော့ စေတနာပါ။ လူတွေဟာ ခရီးသွားဖို့ အစစ ခက်ခဲကြတယ်။ ခရီးသွားစာပေကို ရေးသားဖို့ တွန်းအားဖြစ်လာတာက ဆရာကြီးသိန်းဖေမြင့်ရဲ့ စာအုပ်တွေက တွန်းအားတစ်ရပ် ဖြစ်ပါတယ်။ တာဝန်အရ ခရီးများစွာ သွားရသောအခါ လူတွေ မသိသေးတဲ့ နိုင်ငံရဲ့ ရတနာသိုက်တွေဟာ စာပေနဲ့သာ တူးခွင့်ရမယ်ဆိုရင် ဆုံးရှုံးမှုတွေ ပျောက်ဆုံးနေတဲ့အခွင့်အရေးတွေကို တိုင်းပြည်က သိသွားမယ်၊ ဒါဆိုရင် တိုင်းပြည်ကို ကာကွယ်လိုစိတ်၊ တန်ဖိုးထားလိုစိတ်၊ ချစ်တဲ့စိတ်နဲ့ ပြုပြင်လိုစိတ်တွေဟာ ပေါက်ဖွားရှင်သန်လာမယ်"

### စာပေမှတ်တမ်း

"နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းကို စာပေက မှတ်တမ်းပါ၊ လူတစ်ယောက်ရဲ့ သမိုင်းကိုလည်း စာပေနဲ့မှတ်ကျောက်တင်ပါတယ်။ ဖျောက်ဖျက်လို့မရတဲ့ သမိုင်းမှတ်တိုင်များကို နောင်လာနောက်သားတွေ အသိမှား အမြင်မှားစေဖို့ စာပေသမားတွေမှာ တာဝန်ရှိပါတယ်"

"လူ့ဘဝရဲ့ တန်ဖိုးများစွာအနက် ငွေနဲ့ တန်ဖိုးဖြတ်လို့မရတာ စာပေပါ။ စာဖတ်သူတစ်ဦးဟာ တစ်နာရီ၊ တစ်ရက်အတွင်းမှာ စာတစ်ပုဒ်ကိုပြီးအောင် ဖတ်နိုင်ပေမယ့် စာရေးသူတစ်ဦးဟာ တစ်နှစ်၊ တစ်လအတွင်း စာတစ်အုပ်ကို ပြီးအောင် ရေးနိုင်ဖို့ ခက်ခဲပါတယ်။ အဲဒီထက် ပိုခက်တာက ဂုဏ်သိက္ခာဆိုတဲ့ 'စာပေဆု'ပါ။ အခက်ခဲဆုံးကတော့ တန်ဖိုးရှိတဲ့ ဘဝကိုရဖို့ပါပဲ။ ဒီစာပေဆုနဲ့ပတ်သက်ပြီးတော့ လေးစားထိုက်သူများကို လေးစားပါတယ်။ ရိုသေထိုက်သူတွေကို ရိုသေပါတယ်။ စာပေဆုရအောင် ပြုစုပျိုးထောင်ခဲ့တဲ့ မိဘ ဆရာသမားအားလုံးနဲ့ ပါရမီဖြည့်ဖက်များ၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်အားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

### ရေးသားနေ

စာရေးဆရာ မောင်မိုးယံသည် ၂၀၀၀ပြည့်နှစ်က **"ချင်းတွင်းမြစ်၏ သမိုင်းတစ်ခေတ်ပဲ့တင်သံ"** စာအုပ်ဖြင့် စာပေဗိမာန်စာပဒေသာ ပထမဆုကို လည်းကောင်း၊ ၂၀၀၄ ခုနှစ်က ပခုက္ကူဦးအုံးဖေစာပေဆု ကျမ်းစာပေဖြင့် လည်းကောင်း၊ ယခု **"ငွေကြယ်များကို သက်သေတည်၍ ရွှေပင်လယ်ကို ဖြတ်သန်းခြင်း"** စာအုပ်ဖြင့် တတိယမြောက် စာပေဆုဆွတ်ခူးခြင်းဖြစ်သည်။ ယခုအခါ "ပုံဆောင်ခဲတစ်ခု၏ သက်တမ်းနှင့် အတွေးအမြင်" ရသဝတ္ထုတိုများ ရေးသားနေကြောင်း သိရသည်။ ။

**(မြန်မာ့အလင်း)**

**တွေ့ဆုံမေးမြန်း–မြင့်မောင်စိုးနှင့်မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေးနှင့်တင်စိုး(မြန်မာ့အလင်း)**

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရန်ကုန်တိုင်း မူးယစ်ကြီးကြပ်ရေးအသင်းက ကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲကို ယနေ့ နံနက် ၉နာရီက မြောက်ဥက္ကလာပ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ကျင်းပရာ မြို့နယ် ပညာရေးမှူး ဒေါ်မိမိငယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာန ဒေါက်တာဒေါ်ဦးဦးက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ HIV-AIDS ရောဂါအကြောင်း ပြောကြားကာ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူးယစ်ကြီးကြပ်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးပြေအေးက မူးယစ်ဆေးဝါးစွဲပြီး လူငယ်များကို နောက်ဆက်တွဲ စောင့်ရှောက်မှု လုပ်ငန်းစဉ်များအကြောင်း ဟောပြောကြားသည်။





### ရှင်းလင်းပြောကြား

ဆက်လက်၍ စာရေးဆရာ ကျိုက်လတ်မိုးမြင့်က မူးယစ်ဆေး ဝေးဝေးရှောင် အကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်း မူးယစ်ကြီးကြပ်ရေးမှူး အလုပ်အမှုဆောင် ဦးကျော်ဝင်းက မူးယစ်အန္တရာယ်နှင့် နောက်ဆက်တွဲ ဖြစ်ပွားသော ကျန်းမာရေးဆိုင်ရာ ခုခံအား ကျဆင်းရောဂါကာကွယ်ရေး စာကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ■ ကျော့ဖုံးမှ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိပြီး ငွေသွင်းကောင်တာကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရှင်းလင်းခန်းမ၌ မင်္ဂလာတောင်ညွန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးက လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှု၊ ဓာတ်အားလိုင်းများအခြေအနေနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအမျိုးအစားများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ယူနစ်ပျောက်ဆုံးမှုဖြစ်ရသည့် အကြောင်းရင်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများအား ပြည်သူချစ်သော လျှပ်စစ်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း မှာကြားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၏ အိမ်ထောင်စုစာရင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ် စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့ အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းမှ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ရရှိသူများအား တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၁၄

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ရန်ကုန်တိုင်းမှ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်ဆုတံဆိပ် ရရှိကြသူများအား ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပသည်။**

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ အခမ်းအနားမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် ရန်ကုန်တိုင်းမှ ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများအား ချီးမြှင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော ရန်ကုန်တိုင်းမှ ဝိဇ္ဇာပညာထူးချွန်တံဆိပ်ရရှိသူ ၁၁ ဦး၊ ဆေးပညာထူးချွန်တံဆိပ်ရရှိသူ ငါးဦး၊ နည်းပညာထူးချွန်တံဆိပ်ရရှိသူ ၁၀ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ်ရရှိသူတစ်ဦး၊ စက်မှုစီးပွားထူးချွန် တံဆိပ်ရရှိသူ ၄၃ ဦး၊ စီမံထူးချွန်တံဆိပ်ရရှိသူ ၁၁၀ နှင့် လူမှုထူးချွန်တံဆိပ်ရရှိသူ ၄၀၄ ဦး စုစုပေါင်း ၅၈၄ ဦးအား ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ဘွဲ့တံဆိပ်ရရှိသူများနှင့် တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅–၁၂–၂၀၀၆

(သောကြာနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | အချိန်တန်ဖိုး လူ့တန်ဖိုးတရား (ယောဆရာတော်) |
| ၈း၀၅ | သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | Myanmar Video Rhythm |
| ၉း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည် |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | Fashion Fever (မိုးဟေကိုနှင့်တွေ့ဆုံခြင်း) |
| ၁၀း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ | ကုန်သွယ်စီးပွားနိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ) |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၁း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ | မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (အမဲသားစဉ်းကော) |
| ၁၂း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀ | ယွန်းဖြစ်တည်ရာကျောက္ကာရွာ |
| ၁၂း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ | ရှုချင်စရာမျက်လှည့်ပဒေသာ အပိုင်း(၁) |
| ၁၂း၅၀ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၏ (၂၂)ကြိမ်မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့လမ်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း သီရိရတနာခန်းမ၌ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ပြည်တွင်း ရတနာကုန်သည် ၆၄ ဦးတို့က ပုလဲအတွဲပေါင်း ၉၅ တွဲကို ဝယ်ယူသွားကြသည်။

ကျန်ရှိသည့် ပုလဲအတွဲများကို ပြည်တွင်းရတနာကုန်သည်များအား တင်ဒါစနစ်ဖြင့် ဒီဇင်ဘာ ၁၅ ရက်အထိ ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# 5-Movies မြန်မာစာတန်းထိုးဇာတ်ကားများ တရားမဝင်ကူးယူ၍ အခကြေးငွေဖြင့် ငှားရမ်းမှုကို ဖမ်းဆီးအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် မွန်ပြည်နယ် ပေါင်မြို့ ကဒါ ရပ်ကွက်ရှိ ဦးဝင်းတင်၏ ဝိုင်းဝိုင်းဗီဒီယိုခွေအငှားဆိုင်ကို မြို့နယ်ရဲတပ်ဖွဲ့က ဝင်ရောက်စစ်ဆေးစဉ် မြန်မာစာတန်းထိုး 5-Movies ခွေများနှင့် ဆင်ဆာမဲ့ဗီဒီယို ခွေများကို တွေ့ရှိခဲ့၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများဖြစ်သော 5-Movies နှင့် 5-Series တို့မှ ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းတွဲများအား တရားမဝင်ကူးယူ၍ ငှားရမ်းရောင်းချခြင်းများကို ဖော်ထုတ်စစ်ဆေး အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ထိရောက်စွာအရေးယူ

ထို့ကြောင့် 5-Movies မြန်မာစာတန်းထိုးဇာတ်ကားများ အပါအဝင် ဆင်ဆာမဲ့ဗီဒီယိုများကို တရားမဝင်ကူးယူ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ဖြန့်ချိခြင်းများကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကာတာမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၂၅)ကြိမ်မြောက် အာရှ အိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

## ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# စက်ရုံအလုပ်ရုံများမှ ဆရာဝန်များနှင့် သူနာပြုများ လုပ်ငန်းခွင်ကျန်းမာရေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် စက်ရုံအလုပ်ရုံများမှ ဆရာဝန်များအတွက် လုပ်ငန်းခွင် ကျန်းမာရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း အလုံမြို့နယ် လုပ်ငန်းခွင် ကျန်းမာရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

## အမှာစကား

ရှေးဦးစွာ လုပ်ငန်းခွင် ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Planning officer- Miss Margareta Scold က အမှာစကားပြောကြားသည်။

အလားတူ စက်ရုံအလုပ်ရုံများမှ သူနာပြုများအတွက် လုပ်ငန်းခွင် ကျန်းမာရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါသင်တန်းသို့ စက်ရုံအလုပ်ရုံများမှ သူနာပြုသင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့၌ ငွေနှင့်ရွှေထည်ပစ္စည်း ၅၈သိန်းကျော်ဖိုး ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တရားခံနှင့်ပစ္စည်းများအား နှစ်ရက်အတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက်နေ ရွှေဦးဆေးဆိုင်ပိုင်ရှင် မရွှေရည်ငြိမ်းချမ်း ပိုင်ဆိုင်သော ငွေနှင့် ရွှေထည်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၅၈ သိန်းကျော် ခိုးယူခံရမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က နှစ်ရက်အတွင်း ဖော်ထုတ်ပြီး တရားခံအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

အမှုဖြစ်စဉ်မှာ မန္တလေးမြို့နေ မရွှေရည်ငြိမ်းချမ်းသည် နိုဝင်ဘာ ၂၉ ရက်တွင် ၎င်း၏ နေအိမ်အောက်ထပ်တွင် ထားရှိသည့် ငွေနှင့် ရွှေထည်ပစ္စည်းများ ထည့်ထားသော ဂျင်းအိတ်ပျောက်ဆုံးသွားသဖြင့် မန္တလေးမြို့ အမှတ်(၃) ရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့ကြောင်း။

စုံစမ်းစစ်ဆေး ဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် မရွှေရည်ငြိမ်းချမ်း၏နေအိမ် ပထမထပ် ရေချိုးခန်းအမိုးပေါ်၌ ဘိလပ်မြေအိတ်နှင့် ရောထည့်ထားသည့် အထုပ်တစ်ထုပ်အတွင်းမှ ရွှေထည်ပစ္စည်းခုနစ်မျိုးနှင့် ငွေနှစ်သိန်းခန့်အား ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့မှတစ်ဆင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ ပန်းရံလုပ်ကိုင်သူ မခင်မာသိန်း(ခ)မောင်သိန်းဆိုသူအား ဖမ်းဆီးရမိခဲ့ကြောင်း။

တရားခံ၏ ထွက်ဆိုချက်အရ ငွေနှင့် ရွှေထည်ပစ္စည်းများ ထည့်ထားသော ဂျင်းအိတ်အား ခိုးယူ၍ ငွေကျပ် ၁၆၀၀၀၀ ကို ထုတ်ယူခဲ့ကြောင်း၊ ကျန်ပစ္စည်းများနှင့် ထိုဂျင်းအိတ်ကို ဘိလပ်မြေအိတ်ခွံဖြင့် ထုတ်၍ ဤရေချိုးခန်း အမိုးပေါ် ပစ်တင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားခံထံမှ ခိုးယူထားသည့် ငွေကျပ် ၁၆၀၀၀၀ ကို ၎င်း၏နေအိမ်ရှိ ခေါင်းအုံးစွပ်အတွင်းမှ ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး တရားခံအား ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ မြန်မာရွက်လှေအဖွဲ့ ကြေးတံဆိပ် နှစ်ခုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

(၁၅)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင်ရွက်လှေ အားကစားအဖွဲ့သည် ကြေးတံဆိပ်နှစ်ခု ရရှိသွားသည်။

Int'l 420 (Boys) Class ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်နေလကျော်နှင့် မောင်မင်းမင်းတို့အတွဲက တတိယ ကြေးတံဆိပ် ရရှိသည်။

အဆိုပါ ပြိုင်ပွဲ၌ စင်ကာပူနိုင်ငံမှ အတွဲက ပထမရွှေတံဆိပ်၊ ဂျပန်နိုင်ငံမှ အတွဲက ဒုတိယ ငွေတံဆိပ်ရရှိသည်။

Int'l 420 (Girls) Class ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မစုစန္ဒာဝေနှင့် မဇင်ပြေအောင်တို့အတွဲက တတိယ ကြေးတံဆိပ် ရရှိသည်။ အဆိုပါ ပြိုင်ပွဲ၌ စင်ကာပူနိုင်ငံမှ အတွဲက ပထမ ရွှေတံဆိပ်၊ ဂျပန်နိုင်ငံမှ အတွဲက ဒုတိယငွေတံဆိပ် ရရှိသည်။

(၁၅)ကြိမ်မြောက်အာရှအားကစား ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ရွက်လှေ အားကစားအဖွဲ့တွင် အမျိုးသား အားကစားသမား လေးဦး၊ အမျိုးသမီး အားကစားသမား လေးဦး စုစုပေါင်း အားကစားသမား ရှစ်ဦး ပါဝင်သည်။ အာရှအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲများ၌ ပြိုင်ပွဲ အမျိုးအစားတစ်ခုလျှင် ပွဲငယ်ပေါင်း ၁၂ ပွဲ ယှဉ်ပြိုင်ပြီးမှသာ ဆုတံဆိပ် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး

မြတ်စွာဘုရားရှင်သည်–

“ချစ်သားရဟန်းတို့…လေးဆယ့်ငါးဝါကာလကြာအောင် ငါဘုရား ဟောကြားပညတ်အပ်သော တရားတော်ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကတို့သည် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူလျှင် သင်ချစ်သားတို့၏ ဆရာဘုရားပင်ဖြစ်ပေ၏။ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်း လေးထောင်တို့သည် ငါဘုရားအရာ၌ တည်ရစ်ကြကာ သင်ချစ်သားတို့ကို ဆုံးမရစ်ကြပေလိမ့်မည်”ဟု ပရိနိဗ္ဗာန်စံယူတော်မူခါနီးတွင် မိန့်ကြားခဲ့ကြောင်း မဟာပရိနိဗ္ဗာနသုတ်တွင် ပါရှိပေသည်။

မြတ်စွာဘုရားရှင်က ရဟန်းတို့–

ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပရန်ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်းဟူမူ–

**(၁) တရားကို ရိုသေစွာနာကုန်၏။**

**(၂) တရားကို ရိုသေစွာသင်ကုန်၏။**

**(၃) တရားကို ရိုသေစွာဆောင်ကုန်၏။**

**(၄) ဆောင်ထားသော တရားတို့၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ကုန်၏။**

**(၅) အနက်သဘောကို သိ၍ တရားသဘောကို သိ၍ (လောကုတ္တရာ) တရားအား လျော်သောအကျင့်ကို ရိုသေစွာ ကျင့်ကုန်၏။**

(အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် သဒ္ဓမ္မဝဂ်၊ ပဌမသဒ္ဓမ္မသမ္မောသသုတ်)

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဘုရားရှင် မိန့်တော်မူသည်နှင့်အညီ သင်ယူလေ့လာမှုအပိုင်း– **ပရိယတ္တိသာသနာ၊** လိုက်နာကျင့်သုံးမှုအပိုင်း–**ပဋိပတ္တိသာသနာ၊** ထိုးထွင်းသိမြင်အကျိုးရရှိမှုအပိုင်း– **ပဋိဝေဓသာသနာ**ဟူသော သာသနာသုံးဖြာ စည်ပင်တိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ တရားဒေသနာ စကားတော်အစဉ်တို့ကို ရှေးသင်္ဂါယနာတင် အရှင်မြတ်တို့က ဝိမုတ္တိရသအားဖြင့် တစ်ပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ပါး၊ ဝစနအားဖြင့်သုံးပါး၊ ပိဋကအားဖြင့်သုံးပါး၊ နိကာယ်အားဖြင့်ငါးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ဟု ပိုင်းခြားခွဲဝေ သတ်မှတ်ထားခဲ့ပါသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်သုံးဖြာဝေဆာတင့်စည် တိုးမြင့်ရှည်စေသည်မှာ ချစ်သားတော်များ၏ စွမ်းရည်အားကြောင့် ဖြစ်ပါသည်။ အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်စသည့် ရဟန်းသံဃာတော်များသည် နောင်ရှည်အဝေး သာသနာအရေးကို မျှော်တွေးလျက် သင်္ဂါယနာ အတန်တန်ရှည်သန်မပျက် အဆက်ဆက် တင်တော်မူခဲ့ကြပါသည်။

အရှင်မဟာကဿပအစရှိသော ရဟန္တာမထေရ်မြတ်ငါးရာတို့သည် ပထမသင်္ဂါယနာ တင်ခဲ့ကြသည်။

ဝိနည်းပိဋကတို့ကို အရှင်ဥပါလိ၏ တပည့်အဆက်ဆက်တို့က လည်းကောင်း၊ သုတ္တန်ပိဋကတို့ကို အရှင်အာနန္ဒာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ အဘိဓမ္မာပိဋကတို့ကို အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း တာဝန်ယူ ဆောင်ရွက်ကြရန် အသီးသီး ခွဲဝေသတ်မှတ်ခဲ့ပါသည်။ ဤသို့ဖြင့် ဘုရားမုခပါဌ် ပိဋကသုံးသွယ် နိကာယ်ငါးရပ် တရားမြတ်တို့ကို သံဃာတော်မထေရ်မြတ်တို့သည် အစဉ်အဆက် သင်အံပို့ချ၍ နှုတ်တက် အာဂုံဆောင်ထားကြရာ မျက်မှောက်ကာလအထိပင် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏တရားတော်များသည် ပေစာ၊ ကျောက်စာ၊ ကျမ်းစာအုပ်အပြင် နှလုံးအိမ်တွင် ပြက်ပြက်ထင်ရှား စွဲမှတ်ထားနေပြီ ဖြစ်ပါသည်။

ဤကဲ့သို့ စောင့်ရှောက်လာကြသဖြင့် သာသနာတော်ကြီး တည်တံ့ ခိုင်မြဲလာရာ သုပ္ပဋိပန် အစဂုဏ်ကိုးဝနှင့် လျော်စွာတင့်ရှည် သံဃာထေရ်တို့၏ ဂုဏ်ကျေးဇူးကား သံဃဂုဏော အနန္တော ပင် ဖြစ်ပါပေသည်။

ဘုရားရှင်၏ ကိုယ်စားတော် တရားအစု ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကိန်းအောင်းတည်ရာ ပိဋကသုံးဖြာကို တိုးတက်ဝေစည် အရှည်တည်တံ့စေရန်အတွက် ၁၃၁၀ပြည့်နှစ်(၁၉၄၈ခုနှစ်)မှစ၍ နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ်စေမူ၍ တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးကို ကျင်းပခဲ့ရာ ယခု ၁၃၆၈ ခုနှစ်တွင် (၅၉)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနသည်–

**(၁) နိုင်ငံတော်၌ ပရိယတ္တိသာသနာတော် အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ခိုင်မြဲထူးကဲ ပြန့်ပွားစည်ကားစေရန် အကျိုးငှာလည်းကောင်း၊**

**(၂) ပိဋကသုံးပုံကို နှုတ်ငုံဆောင်နိုင်ကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ မပြတ်စဉ်ဆက် ပေါ်ထွက်စေရန် အလို့ငှာလည်းကောင်း၊**

**(၃) ဗုဒ္ဓမြတ်စွာသာသနာတော်အတွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အတန်း မြင့်မားစွာ အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန်အလို့ငှာ လည်းကောင်း**

အဓိကရည်ရွယ်ချက်ကြီး သုံးရပ်ထားရှိခဲ့ပါသည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးမှာ ထူးခြား၍ အဆင့်မြင့်မားသော စာမေးပွဲကြီးပင်ဖြစ်သည်။ ပိဋကတ်တော်များကို အာဂုံနှုတ်ဖြေနှင့် သဘောရေးဖြေဟု နှစ်ပိုင်းပါရှိရာ ဆိုင်ရာကျမ်းစာများကို မှန်စွာကျနပီသစီကာ နှုတ်ကရွရွ ပြန်ဆိုရွတ်ပြနိုင်ရပါသည်။ သင်ရိုးပိဋကသုံးပုံမှ ကျမ်းစာများကို အစမှအဆုံးတိုင် အာဂုံပြန်ဆိုမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် ဘောင်အတွင်းမှ လွတ်ကင်းမထွက် တစ်ချက်မယွင်း ပြည့်လျှင်းစုံစုံ ကုံလုံအာဂုံရွတ်ဆိုပြရပါမည်။ စည်းကမ်းကျန အောင်မြင်ကြသူ ထေရ်အရှင်တို့သည် တိပိဋကဓရဘွဲ့ကို ဆွတ်ခူးရရှိသည်။

ထိုအရှင်တို့သည် နှုတ်တက်ကျက်ထား အာဂုံမှတ်သားထားရုံမျှဖြင့် မပြီးသေးပါ။ သဘာဝတ္ထုအချက် အနက်အဓိပ္ပာယ် အသွယ်သွယ်သော ဝိနိစ္ဆယအဝဝသော သဘောသဘာဝအနှစ်တို့ကို ထုတ်စစ်ဝေဖန်ပိုင်းခြားဉာဏ်ဖြင့် ဂမ္ဘီရာဓိပ္ပာယဂူဠ္ဌတ္ထအနက် အချက်ချက်တို့ကို နက်နဲအဋ္ဌကထာ ဋီကာ အနုမဓုယောဇနာဂဏ္ဌိလက်သန်း အစုံအစုံ ကျမ်းတို့မှ

**မောင်ဖြူစင်**

ဖွင့်ဆိုချက်များနှင့်အညီ ဆန်းစစ်ညှိယူ ဖြေဆိုတော် မူကြရပေသည်။ အာဂုံနှုတ်ဖြေအောင်မြင်ပြီး၍ သဘောရေးဖြေကိုပါ ဖြေဆိုအောင်မြင်ပါက တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို ရရှိမည်ဖြစ်ပါသည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံနှင့်ရေးဖြေနှစ်ပိုင်းစလုံးကို ဖြေဆိုနိုင်ပြီး တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ဘွဲ့ထူးကို ဆွတ်ခူးခံယူနိုင်ရန်အတွက်–

- ဝိနည်းပိဋက(ဝိနည်း၅ကျမ်း၊စာအုပ်၅အုပ်)မှ စာမျက်နှာ ၂၂၆၀
- အဘိဓမ္မာပိဋက(အဘိဓမ္မာ၇ကျမ်း၊ စာအုပ်၁၂အုပ်)မှ စာမျက်နှာ ၄၉၈၇
- သုတ္တန်ပိဋက (ဒီဃနိကာယ်၃ကျမ်း၊ စာအုပ်၃အုပ်)မှ စာမျက်နှာ ၇၇၉

စုစုပေါင်း စာမျက်နှာ ၈၀၂၆ရှိသော ကျမ်းစာများနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားရာ စာဖြေအရှင်မြတ်တို့သည် အာဂုံသဘော စောကြောစစ်မေးသည်ကို စိစ္စေးသေချာ ကောင်းစွာ ဖြေဆိုကြရပေသည်။

**ထို့ကြောင့်ပင် တိပိဋကလောင်းလျာ သာသနာ့အာဇာနည် အရှင်မြတ်များသည် သမာဓိသမ္ပဒါ၊ ပညာသမ္ပဒါနှစ်ဖြာတို့ဖြင့် အထပ်ထပ်ကြိုးကုတ်အားထုတ်ကြရပါသည်။ သာသနာတော်သုံးရပ်၌ ကြည်ညိုဆပွားသဒ္ဓါအား၊ လေ့ကျက်ဖြေဆိုရမည့်ဆိုင်ရာ ပိဋကတ်တော်များကို နေ့အခါ ညဆက် ကျက်အံကြဲကြည့် အားထည့်ဖွဲ့သန်ရသည့် ဝီရိယအား၊ ကျက်မှတ်ထားသည်များကို စီကာစဉ်ဆက် မမေ့ကွက်အောင် အောက်မေ့သိရှိ စွဲမိသည့်သတိအား၊ လေ့လာရွတ်ဆို ကျက်မှတ်ထားသော စာတို့ကို စူးစိုက်မယွင်း နှလုံးသွင်းနိုင်သည့် မတ်မတ်တည့်တည့် သမာဓိအား၊ ဒေသနာတော်အစဉ်တို့ကို နေ့ညထင်ထင် ဆင်ခြင်စိစစ်နိုင်သည့် ဝေဖန်စဉ်းစား ပညာအားဟူသော ဗိုလ်အားငါးဖြာတို့ဖြင့် တစိုက်မတ်မတ် လှုပ်ခတ်နိုင်မှသာ ဤစာပွဲသဘင်သို့ အောင်မြင်စွာ ဝင်နွှဲနိုင်မည်ဖြစ်သည်။**

စာပွဲဝင်ထေရ်အရှင်တို့သည် နက်နဲခက်ခဲများပြားသော ပိဋကကျမ်းစာများကို တစ်လကျော်၃၃ရက်ကြာစွာ ကာလရှည်လျားသော စာပွဲအချိန်အတွင်း သတ်မှတ်ချက်စည်းကမ်းများ ဘောင်အတွင်းက အနိုင်နိုင်အားခဲလျက် ကူးခပ်အောင်မြင်အောင် လုံ့လစိုက်ထုတ်အားကုန်သုတ်ရသည်မှာ ရေးသည်လောက်၊ ပြောသည်လောက် မလွယ်လှပါပေ။ ဆရာသမားများ ခြေရင်းတွင် ဝပ်စင်းလျက် တက်ထား၊ လိုက်ထားရသော စာများမေ့သွားမည်ကိုလည်း စိုးရိမ်ရ၊ အားမရသေးသည့် စာပိုင်းကဏ္ဍကိုလည်း ထပ်မံကျက်ချင်သေး၊ လေနာရင်နာခေါင်းခဲနာစသည့် ကံ၊စိတ်၊ဥတု အာဟာရအကြောင်းတရားတို့ ဖောက်ပြန်၍ဖြစ်ရသော ဥပဒ်ရောဂါအနာဘေးကျန်းမာရေးကိုလည်း ဂရုစိုက်ရ၊ မိမိ၏ကံတရား၊ ဉာဏ်သွားကိုပင်အားမရနိုင်သဖြင့် ကိုယ်စိတ်ထွေပြား လှုပ်ရှားတတ်ပါသည်။ ရွေးချယ်ပွဲဝင်ထေရ်ရှင်သူမြတ်များသည် ကာယဗလအား၊ ဉာဏဗလအားနှစ်ပါးလောက်လုံ ပြည့်စုံနိုင်ပါမှ အောင်ပန်းဆွတ်နိုင်မည် ဖြစ်ပါသည်။

ဤကဲ့သို့ ထေရ်ရှင်သံဃာတော်များက ပိဋကတ်တော်ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာများကို သဘောအဓိပ္ပာယ်များနှင့်တကွ နှုတ်တက်အာဂုံဆောင် သင်အံကျက်မှတ်ပို့ချလျက် ဓမ္မာနုဂ္ဂဟဖြင့် သာသနာ့တာဝန်ကို ဆိုင်ရာကဏ္ဍက ကျေပွန်စွာ ထမ်းဆောင်တော်မူကြသကဲ့သို့ နိုင်ငံတော်အစိုးရအမှူးရှိသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် မိမိတို့စွမ်းအားအလျောက် ပစ္စယာနုဂ္ဂဟဖြင့် ပူဇော်ခွင့်ရရှိကြပါသည်။ ဒါယကာများ၏ ချီးမြှောက်ထောက်ပံ့ကူညီ အားပေးမှုသည် များစွာလိုအပ်လှသည်။ **အာမိသဒါန**–ပစ္စည်းအလှူ၊ **ဓမ္မဒါန**–တရားအလှူဟူသော ဒါနနှစ်မျိုးတွင် မြတ်စွာဘုရား၏ ဒေသနာတော်များကို လေ့လာကျက်မှတ်သင်ယူနာကြားခြင်း၊ ဟောပြောပို့ချ ညွှန်ပြခြင်း၊ ကြောင်းကျိုးဆက်နွှယ်ဆုံးမဟောပြောခြင်းတို့ကို ဆောင်ရွက်တော်မူကြသည့် ပုဂ္ဂိုလ်တို့အား ချီးမြှင့်ထောက်ပံ့လှူဒါန်းပူဇော်မှုသည် ဓမ္မဒါနမည်ပါပေသည်။ တရားအလှူသည် အလှူတကာတို့ထက် မွန်မြတ်ထက်မြက်လှကြောင်း သိမှတ်ရပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနသည် အမြင့်မားဆုံးနှင့် ကာလအရှည်လျားဆုံး စာမေးပွဲကြီးဖြစ်မြောက်အောင်မြင်စေရန် စီစဉ်ဆောင်ရွက်ပေးရပါသည်။ စာပွဲဝင်သံဃာတော်တို့အား စာရင်းစိစစ်ရယူသည်ကအစ စာမေးပွဲကိစ္စ၊ စာထောက်စာမဆရာတော်များ၊ လှူပုဂ္ဂိုလ်များ စီစဉ်ပေးရေး၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာစစ်စာဖြေသံဃာတော်များ သီတင်းသုံးနေထိုင်ရေးကိစ္စ၊ ဆွမ်းကွမ်းချက်ပြုတ် ဆက်ကပ်ရေးကိစ္စ၊ အလှူရှင်များပစ္စည်းလေးပါး၊ ဝတ္ထုငွေတို့ဖြင့် လှူဒါန်းပူဇော်နိုင်ရေးကိစ္စ စသည့်လုပ်ငန်းရပ်များကို ကော်မတီအသီးသီးဖွဲ့စည်းခြင်း၊ စည်းဝေးညှိနှိုင်းခြင်း၊ ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဖြင့် အစမှအဆုံးပြီးစီးအောင်မြင်စေရန် ဆောင်ရွက်ပေးရပါသည်။ ဤသည်တို့မှာ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာဒါယိကာမများ၏ အာမိသဒါန စာရိတ္တသီလပင် ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုများပြုလုပ်ရာတွင် ကုသိုလ်ကံမြောက်ကြောင်းတရား၊ ပုညကြိယာ ဆယ်ပါး၌ ဝေယျာဝစ္စကုသိုလ်သည် ဒါန၊ သီလ၊ ဘာဝနာကုသိုလ် သုံးပါးအနက် လူတို့ လိုက်နာကျင့်ကြံဖွယ်ရာ စာရိတ္တသီလတွင် အကျုံးဝင်ပြီး အပြစ်ကင်း၍ ကောင်းကျိုးပေးနိုင်သော ကုသိုလ်လုပ်ငန်းရပ်များကို လေ့ကျင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စာရိတ္တသီလ ဖြစ်ပါသည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကျင်းပရာတွင် စာဖြေသံဃာတော်တို့အနေဖြင့် ဓမ္မစေတီထိုက်လှအောင် နှုတ်ငုံရေးဖြေနှစ်ထွေပြည့်ဝကြိုးပမ်းထောက်ပံ့ရသဖြင့် ဓမ္မာနုဂ္ဂဟကုသိုလ်ထူးရရှိကြသကဲ့သို့ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာအများတို့သည်လည်း ဒါနကုသိုလ်၊ သီလကုသိုလ်များဖြင့် အမိသပူဇာ၊ ပစ္စယာနုဂ္ဂဟကုသိုလ်ထူးကြီးကို ဧကန်အမှန် ရရှိကြရပါသည်။ နိုင်ငံတော်အစိုးရ၏ လေးနက်အထူး ဦးစီးဦးမြှင့်ချီးပင့်ထောက်ပံ့မှုတို့ဖြင့်လည်းကောင်း၊ ဒကာအလှူ များပြည်သူတို့၏ စေတနာသုံးတန် ထက်သန်ပလဝ မြတ်ဒါနပြုမှုတို့ဖြင့် လည်းကောင်း၊ နှစ်ဖြာနုဂ္ဂဟပြင်းပြဝေဖိတ် သဒ္ဓါစိတ်ဖြင့် ကိုင်းကျွန်းပမာ၊ ဆရာဒကာ ညီညာလက်တွဲမြဲစွဲတူတူ ကိုယ့်တာကိုယ်ယူ၍ ဆောင်ရွက်ခြင်းဖြင့်သာ ဤမျှ ကြာရှည်ခက်ခဲလှသော စာမေးပွဲကြီးမှာ ခြိမ့်ခြိမ့်သဲဆင်ယင် အောင်မြင်ပြီးမြောက်ခရီးရောက်နိုင်မည်ဖြစ်ပါသည်။

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘက်ဘက်က ပါဝင်ညီတူ ကုသိုလ်ယူကြသည့် ဆရာဒကာတို့သည် အရဟံအစ ဘဂဝါအဆုံး သုံးလောကထွတ်တင် ဘုရားရှင်ကိုလည်းကောင်း၊ မြတ်ဘုရား၏ သွာက္ခာတဂုဏ် ခြောက်ပါးစုံလျက် နှုတ်မြွက်မုခပါဌ် ဒေသနာမြတ်ကိုလည်းကောင်း၊ တရားအနက် ဓမ္မစက်ကို မပျောက်မပျက် ဆက်လက်ရှင်သန်ထွန်းပရန် ရည်မြော်လျက် ကျက်မှတ်ကျင့်ကြံဖန်ဖန်ကြိုးကုတ်အားထုတ်ကြသော သုပ္ပဋိပန်ဂုဏ်ကိုးတန်ညီ သံဃာထေရ်ကိုလည်းကောင်း၊ ရတနာသုံးပါး မြတ်တရားကို လေးစားချဉ်းကပ် မပြတ်ကော်ရော်ပူဇော်ခြင်းပင်ဖြစ်ပါပေသည်။

**(၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ယခုနှစ်တွင် ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၆ရက် (တနင်္ဂနွေနေ့) ၂၄–၁၂–၂၀၀၆ မှစ၍ ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၈ရက် (ကြာသပတေးနေ့) ၂၅–၁–၂၀၀၇အထိ ၃၃ရက်တိုင်တိုင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခံ့ညားထည်ဝါစွာ ကျင်းပမည် ဖြစ်ပါသည်။ သို့ဖြစ်ရကား ယခုအခါတွင် အာမိသပူဇာ၊ ဓမ္မပူဇာ ကုသိုလ်အဖြာဖြာကိုလည်းကောင်း၊ ဒါန၊ သီလ၊ ဘာဝနာ မင်္ဂလာကုသိုလ်များထိုထိုကိုလည်းကောင်း၊ နှစ်ဖြာနုဂ္ဂဟ ကုသိုလ်အဝဝကိုလည်းကောင်း၊ ဆွတ်ယူလက်လှမ်း ချမ်းသာလမ်းသည် အခါအခွင့်ကြုံသင့်နေပြီဖြစ်ပါသည်။ သူတော်ကောင်းစိတ်ထား သဒ္ဓါတရားဖြူစင် ရွှင်ကြည်စိတ်ရှင် သူတော်စင်အပေါင်းတို့သည် ထိုအခွင့်အရေးကို မနှေးအလျင် လက်တွင်မိမိရရှိသင့်ကြပါသည်။ အမြိုက်နိဗ္ဗာန် စိတ်ရည်သန်လျက် သာသနာတော်သုံးရပ်အဓွန့်ရှည်ကြာ တည်တံ့ပါစေရန် အကျိုးမျှော်ကာ ကုသိုလ်ကောင်းမှုပေါင်းစုံဆင်နွှဲရာ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် မိမိတို့တတ်စွမ်းသည့် အခန်းကဏ္ဍမှ သာသနာ့တာဝန် ဒို့တာဝန်ဟု ကုသိုလ်အမှုကောင်းစွာ ပြုသင့်ကြသည်သာ ဖြစ်ပါသည်။ ။

# သဲအင်းဂူ ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့လုံး ဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း)နှင့် တောင်ဥက္ကလာပမြို့ အမှတ်(၆)ဝိုင်း သဲအင်းဂူ ဝိပဿနာ ရိပ်သာကျောင်းဆရာတော်ဘဒ္ဒန္တဝိရိယ၊ ဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တစိန္တာမယ (ရွှေခိုင်ပြည်ဆရာတော်) အရှင်သူမြတ်တို့က ရေဝတီတိုင်း မြောင်းမြမြို့နယ် သိလ္လာကျေးရွာ၌ ဒီဇင်ဘာ ၁၈ရက်မှ ၂၂ ရက်အထိ၊ မြောင်းမြမြို့ ပဏ္ဍိတာရုံကျောင်းတိုက်၌ ၂၃ ရက်မှ ၃၁ ရက်အထိ၊ တောင်ဥက္ကလာပမြို့ အမှတ်(၆) ဝိုင်း သဲအင်းဂူ ဝိပဿနာ ရိပ်သာကျောင်း၌ ဇန်နဝါရီ ၆ရက်မှ ၁၂ရက်အထိ၊ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဆုပန်တောင်းကွင်းရွာ မေဓာသီဝံကျောင်း၌ ၁၈ ရက်မှ ၂၄ ရက်အထိ၊ ပဲခူးတိုင်း သာယာဝတီမြို့ ငှက်ပေါက်ကုန်းရွာ ဓမ္မရက္ခိတကျောင်း၌ ၂၇ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



မိဘနှစ်ပါးနှင့် ခင် ပွန်း ဦးအောင်လှတို့အား ရည်စူး၍ ရန် ကုန် မြို့လှိုင် သာ ယာ မြို့နယ် ရွှေရင်အေးလမ်းနေ ဒေါ်တင်တင်ရီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုး ချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။(က–ပ)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင်တည် ဆောက်မည့်အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင် မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ် အတွက် အဘိုး၊ အဘွားတို့အား ရည်စူး၍ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း အမှတ် (၂၈၅)နေ ဦးအောင်ကြည် – ဒေါ်အေးချစ်မိသားစုက အလှူငွေကျပ်နှစ်သိန်းတစ်သောင်းလှူဒါန်းရာ အမှုဆောင် ဒေါ်လှလှနွယ်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

# အထက(၁)ပုဇွန်တောင် ဆရာကန်တော့ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

အထက(၁) ပုဇွန်တောင် ကျောင်းသူ ကျောင်းသားဟောင်းများ၏ (၁၃) ကြိမ်မြောက် ဆရာကန်တော့ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၁) ပုဇွန်တောင် ကျောင်းခန်းမ၌ ကျင်းပနိုင်ရန်အတွက် ကျောင်းသူ ကျောင်းသားဟောင်းများ၏ အကြိုညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ဆရာကန်တော့ပွဲသို့ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းနှင့် အလှူငွေများကို ဆရာမ ဒေါ်ကျင်ရီလေး ဖုန်း–၂၉၈၈၁၆၊ ဗိုလ်မှူး စိုးပိုင် ဖုန်း–၂၂၀၅၆၇၊ ဒေါ်ခင်စန်း ဖုန်း–၃၇၇၂၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

# အဆင့်မြင့် နွေရာသီယမိုက်+ပဋ္ဌာန်းအထူးသင်တန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ (၁၆) ကြိမ်မြောက် အဆင့်မြင့် နွေရာသီယမိုက်+ပဋ္ဌာန်းအထူးသင်တန်းကြီးကို ၂၀၀၇ခုနှစ် ဧပြီ ၂၂ရက်မှ မေ ၂၇ရက်အထိယခင်နှစ်များကဲ့သို့ ကျင်းပမည်ဖြစ်ရာ အတွင်းသင်တန်းသားများ ၂၀၀၇ခုနှစ် ဧပြီ၂၁ အရောက် ကြွရောက်ရန်နှင့် ကြွရောက်သည့်အခါ သာသနာဝင်မှတ်တမ်း(သို့မဟုတ်)ဆရာသမားထောက်ခံစာ၊ အိပ်ရာလိပ်၊ သပိတ်လွယ်၊ ရေချိုးခွက်၊ ရေနွေးခွက် အပြည့်အစုံ တစ်ပါတည်း ယူဆောင်လာကြရန်နှင့် အထူးနက်နဲခက်ခဲလှသည့် အဘိဓမ္မာဆိုင်ရာ ယမိုက်+ ပဋ္ဌာန်းကျမ်းဂန်များကို လေ့လာသင်ကြားနည်းယူရန် ကြွရောက်လာကြကုန်သော တိုင်းနှင့်ပြည်နယ်အသီးသီးမှ စာချ၊ စာသင်၊ ရဟန်း၊ သာမဏေ၊ သီလရှင်များအား အထက်ဖော်ပြပါရက်အတွင်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အအေး၊ သင်တန်းသုံးစာအုပ်များကို ဆက်သွယ်လှူဒါန်းနိုင်သည်။

အလားတူ သထုံမြို့ စမ်းအေးမြိုင်တောရ ကျောင်းတိုက်၌ (၄)ကြိမ်မြောက် အဆင့်မြင့် နွေရာသီယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကြီးကို ၂၀၀၇ ခုနှစ် ဧပြီ ၂၁ ရက်မှ မေ ၃၀ရက်အထိ ယခင်နှစ်များကဲ့သို့ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

ပခုက္ကူမြို့နယ် ကမ္မစံပြကျေးရွာ အမှတ်(၁၈၆) အခြေခံပညာမူလတန်းကျောင်း ကျောင်းမြေနေရာ၊ အဆောက်အအုံနှင့် ပရိဘောဂများ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားတွင် အလှူရှင် OK Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်–ဒေါ်မိုးမိုးထွေး တို့က ပညာရေးဝန်ကြီးဌာနကိုယ်စား မကွေးတိုင်းတိုင်းပညာရေးမှူး ဦးသန်းထွန်းထံ လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



# ပညာမွန်ကျောင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

ပဲခူးမြို့ ဥသာမြို့သစ် ရန်ကုန်–မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက်၌ အဌမအကြိမ် ဝိပဿနာတရားစခန်းကို ဒီဇင်ဘာ ၂၅ရက်မှ ၃၁ရက်အထိကျင်းပမည်ဖြစ်ရာ ပညာမွန် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိ (ဓမ္မာစရိယ)က ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သတိပဋ္ဌာန်ဒေသနာ ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။

**ဆက်သွယ်နိုင်**

တရားစခန်းဝင်လိုသူများသည် ဒီဇင်ဘာ ၂၄ရက် ညနေအရောက်လာရောက်ကြရန်နှင့် ပညာမွန်ကျောင်းတိုက် ဖုန်း ၀၅၂–၂၂၁၀၂ နှင့် ၀၉–၅၃၀–၂၁၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# လွမ်းအောင်ရယ်တတ်သူ သမ္မတရုံတွင် ဆက်လက်အောင်ပွဲခံ ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဒီဇင်ဘာ ၁၄

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ **လွမ်းအောင်ရယ်တတ်သူ** ဇာတ်ကား သမ္မတရုံတွင် ဆက်လက် အောင်ပွဲခံပြသနေသည်။



အင်းသားဘဝ အသွင် မင်းမော်ကွန်း။

လူငယ်ဒါရိုက်တာ အဏ်ထော်ဏီ (မော်လမြိုင်)ရိုက်ကူးပြီး ရန်အောင်၊ ဥက္ကာမင်းမောင်၊ စိုးမြတ်သူဇာနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသော **ရွှေမိုးသည်း** ဇာတ်ကား သွင်ရုံတွင် ပြသနေသည်။ မင်္ဂလာရုံတွင် Superman Returns ဇာတ်ကားပြသနေပြီး နေပြည်တော်နှင့် ရွှေ့ဆောင်ရုံများတွင် ဂျိန်းစ်ဘွန်း ဇာတ်ကား Casino Royale ဇာတ်ကား ပြသလျက်ရှိသည်။

မင်းမော်ကွန်း၊ စိုးမိုးကြည်နှင့်ဟန်နီထွန်းတို့ပါဝင်သရုပ်ဆောင်ထားသည့် **အင်းသားဘဝအင်းသားအလှ** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကား နဝဒေးရုံတွင် ဝင်လာသည်။ အင်းသားတို့ရဲ့ ဘဝနှင့် အင်းလေးရေပြင်ကြီးကို တစ်ဝကြီးရှုစားကြရမည် ဖြစ်သည်။

ဒါရိုက်တာ ကျော်သူရိုက်ကူးပြီး ကျော်သူ၊ ရဲအောင်၊ ကျော်ရဲအောင်၊ တင့်တင့်ထွန်းနှင့်ပွင့်နဒီမောင်တို့ပါဝင်သရုပ်ဆောင်ထားသော **ဇာတ်ကြမ်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရွှေဗဟို၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် မြရတနာရုံများတွင် ပြသနေသည်။

ရွှေဂုန်ရုံ အပေါ်ထပ်တွင် Surf Ninjas ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယဇာတ်ကား Hera Pheri ဇာတ်ကားပြသနေသည်။

မြို့မရုံတွင် Audhitya Singh, Sheetal Bavishi တို့ ပါဝင်သရုပ်ဆောင်ထားသော AK-47 ဇာတ်ကား ရုံဝင်လာသည်။ ။



လွမ်းအောင် ရယ်တတ်သူ ဇာတ်ကားမှ ပြေဇင်နှင့် သက်မွန်မြင့်။

# ဒို့ကျေးရွာ ဂျာနယ် အတွဲ(၃) အမှတ်(၂၄) ထွက်နေပြီ



ရန်ကုန် ဒီဇင်ဘာ ၁၄

ကျေးလက်ပြည်သူ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးလျက်ရှိသည့် ဒို့ကျေးရွာ ဂျာနယ်အတွဲ(၃) အမှတ်(၂၄)ကို ယနေ့ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုအပတ်ဂျာနယ်တွင် ကွမ်းသီးပင် စိုက်ပျိုး ဝင်ငွေတိုး၊ ပိုးသတ်ဆေးမသုံးဘဲ ပိုးမွှားများကို ကာကွယ်ခြင်း၊ စနစ်တကျ စိုက်ပျိုးပါ ဂျုံအထွက်နှုန်းကောင်းမှာသေချာ၊ ကွမ်းပင်စိုက်ကဝင်ငွေရ၊ သူလိုလယ်သမား များများရှိစေချင်၊ လယ်သမားဘဝ ဗုဒ္ဓစံထား၊ မြန်မာ့ရိုးရာခြင်းလုံးကစားခြင်း၊ အမေချစ်သည့် သမီးတွေ၊ ညောင်ရမ်းကန်နှင့် မင်းလှကန်၊ သားစားကျူးဘီလူးနှင့် ငပိုက်၊ကျွဲ နွားများအတွက် မြန်မာ့ဆေးစွမ်းကောင်းများ၊ နို့စားနွား မွေးမြူရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ အဟာနဲ့အတားများ၊ အစားအစာနှင့် အာဟာရ၊ ဆေးဖက်ဝင် မရိုးပင်၊ မြန်မာတို့ချစ်သည့် ကိုရီးယား မင်းသမီးစသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက်ပြည်သူတို့ဗဟုသုတဖြစ်ဖွယ်ရာ ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို ရန်ကုန်မြို့ အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ဖုန်း–၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

# လေ့လာသိမှတ်ဖွယ်ရာစုံလင် ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုကာလ တိုင်ခဲ့ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ရုက္ခဗေဒဥယျာဉ်ကို ၁၉၁၅ခုနှစ်က သစ်တောသုတေသနအရာရှိ Mr. Alex Rodgerသည် အင်္ဂလန်နိုင်ငံ Kew Botanicalgarden မှ အမျိုးသမီးရုက္ခဗေဒပညာရှင် Lady Cuffe ၏ အကူအညီဖြင့် Kew Garden ပုံစံအတိုင်း အကွက်ချ ရေးဆွဲလုပ်ကိုင်ခဲ့သည်။ ကန်တော်ကြီး တူးဖော်မှုကို ၁၉၁၇ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၂၀ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ ၁၉၂၀ ပြည့်နှစ်မှ စတင်၍ သစ်တောဦးစီးမှ ကြိုးဝိုင်းအဖြစ် သတ်မှတ်ကြေညာခဲ့ပြီး အဆင့်မြင့်ထိန်းသိမ်းခဲ့ရာ ၁၉၉၉ခုနှစ် မတိုင်မီအထိ ရေပြင်ဧရိယာဧက ၇၀၊ ကုန်းမြေဧရိယာဧက ၁၇၀ စုစုပေါင်းဧက ၂၄၀ ကျယ်ဝန်းခဲ့သည်။

၁၉၉၉ခုနှစ် ဧပြီ ၇ရက်က နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် အဆင့်မြှင့်ဖွင့်လှစ်ခဲ့ပြီး ထပ်မံတိုးချဲ့ခဲ့ရာ စုစုပေါင်းဧရိယာဧက ၄၃၆ ဒသမ ၉၆ ကျယ်ဝန်းလာခဲ့သည်။

## ရည်ရွယ်ချက်

အမျိုးသားကန်တော်ကြီးဥယျာဉ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတကာအဆင့်မီ အမျိုးသားကန်တော်ကြီး ဥယျာဉ်အဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်ရန်၊ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်၊ ပြည်သူများ အပင်လောကနှင့် ပန်းမန်များစိတ်ဝင်စား တန်ဖိုးထားတတ်လာရန်၊ သစ်ပင်သစ်တောများ ထိန်းသိမ်းကာကွယ်ရေး၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ရုက္ခဗေဒလေ့လာဆည်းပူးသူများနှင့် သုတေသနပညာဆည်းပူးသူများအတွက် အထောက်အကူပြုစေရန်နှင့် ရှားပါးပြီး မျိုးသုဉ်းနိုင်သော အပင်မျိုးများ စုပေါင်းမျိုးပွားပြီး ရေရှည်တည်တံ့ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ချက်များထားရှိ ဖော်ဆောင်လျက်ရှိသည်။

## အထင်ကရ

အမျိုးသား ကန်တော်ကြီးဥယျာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၆၀၅ပေ၌ တည်ရှိသော ပြင်ဦးလွင်မြို့၏ ကျက်သရေဆောင် ကမ္ဘာလှည့်ခရီးသွားများနှင့် တိုင်းရင်းသားပြည်သူတို့ စိတ်ဝင်စားပျော်ရွှင်စွာ အပန်းဖြေနားနေရာ၊ လေ့လာသုတေသနပြုရာ နိုင်ငံတော်၏ အထင်ကရ ဒေသတစ်ခုဖြစ်သည်။

ပြင်ဦးလွင်သည် မန္တလေးမြို့နှင့် ၄၄ မိုင်အကွာ တောင်ပေါ်မြို့ဖြစ်၍ အေးမြသော ရာသီဥတု ကို ခံစားနိုင်ကြသည်။ အမြင့်ဆုံးအပူချိန်မှာ ၈၇ ဒီဂရီဖာရင်ဟိုက်ရှိ၍ အနိမ့်ဆုံးအပူချိန် ၃၅ ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး သမအေးပိုင်းရာသီဖြစ်သည်။ နှစ်စဉ် ဧပြီလမှ အောက်တိုဘာလအထိ ပျမ်းမျှမိုးရေချိန် ၆၃ လက်မခန့်ရွာသွန်းတတ်သည်။ သုံးရာသီစလုံး သစ်ပင်ပန်းမန်များ၊ ရာသီပန်းများ ဖူးပွင့်ဝေဆာလျက်ရှိ၍ ပန်းမြို့တော်ဟူ၍လည်း တင်စားခေါ်ဝေါ်ကြသည်။

## ရှားပါးတိရစ္ဆာန်

အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရှားပါးတိရစ္ဆာန်နှင့် ပြည်တွင်းပြည်ပ ငှက်မျိုးများအဖြစ် သားမင်းလေးကောင်၊ ပြည်တွင်းငှက်မျိုးပေါင်း ၁၃ မျိုး၊ အကောင်ရေပေါင်း ၅၈ ကောင်၊ ပြည်ပငှက်မျိုး ၁၆ မျိုးနှင့် ကောင်ရေပေါင်း ၁၇၈ ကောင်ရှိကြောင်း လေ့လာမှတ်သားရသည်။



ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်ရောင်စုံဖြာဝေနေသော မြင်ကွင်းတစ်နေရာ။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

## သစ်ခွမျိုး

ပြည်တွင်းပြည်ပ ပန်းမျိုး ၂၁၀ မျိုး၊ အပင်ပေါင်း ၄၁၀၃၂၂ ပင်ရှိပြီး ပြည်တွင်းသစ်ခွမျိုးပေါင်း ၂၀၀ မျိုး၊ အမြိုပေါင်း ၇၂၄၅ ရှိသည်။ ကမ္ဘာပေါ်တွင် ရှားပါးသော သစ်ခွမျိုးခြောက်မျိုးကို ဥယျာဉ်ကြီးအတွင်း တွေ့မြင်လေ့လာနိုင်ကြသည်။

ဥယျာဉ်ကြီးအတွင်း ကျောက်တောင်ပုံဥယျာဉ် အဝင်ဝတွင် ရှားပါးသော ကျောက်ဖြစ်ရုပ်ကြွင်းအင်ကြင်းကျောက်တိုင်ကြီးနှစ်တိုင် စိုက်ထူ၍ ပေအရှည် ၆၂၀ရှိ လျှောက်လမ်းအတွင်း ကျောက်ကပ်ပန်းများ၊ အပင်များ၏ ပသာဒအလှကို တစ်ဝကြီး ကြည့်ရှုခံစားနိုင်ကြသည်။

ထို့ပြင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း သဘာဝရေထွက် ရှုံ့နှံ့တောတွင်းလူသွားလမ်းအလျားပေ ၁၀၆၀ ရှိ စကြံလမ်းအတိုင်း သဘာဝ ပေါက်ပင်ကြီးများ၊ နွယ်ပင်များ၊ ဆေးဖက်ဝင်ပင်များနှင့် ရှုံ့နှံ့များကို



ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်အတွင်း တွေ့ရသော ပန်းများဖြင့် ပုံဖော်ပြုလုပ်ထားသည့် မြနန်းစံကျော် နန်းမြို့ရိုးပုံကို ဤသို့လှပစွာ ဖော်ကျူးထားသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

တွေ့မြင်နိုင်ကြမည် ဖြစ်သကဲ့သို့ အလျားပေ ၁၀၁၀ အရှည်ရှိ တောတွင်းသစ်သားတံတားပေါ်မှ သဘာဝရှုခင်း၊ သဘာဝပေါက်ပင်ကြီးများ၊ ကျေးငှက်များနှင့် ဆေးဖက်ဝင်ပင်များကို သဘာဝအတိုင်း လေ့လာတွေ့မြင် နိုင်ကြသည်။

## အမှတ်တရ

ပြင်ဦးလွင်ဒေသမှထွက်ရှိသော ထွက်ကုန်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို အလွယ်တကူဝယ်ယူ ရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိပြီး ဥယျာဉ်တွင်းရှိ ရေကန်အမှတ်(၁)အတွင်း အမြင့်ပေ ၆၀ရှိ ရေပန်းမှ ရေမှုန်ကလေးများလွင့်ရာမှ နေရောင်ခြည်တွင် သက်တံရောင်စုံထွက်ပေါ်နေမှုအပေါ် ကြည့်ရှုနိုင်သည့် သက်တံကြည့် သစ်သားမျှော်စင်တစ်ခုကိုလည်း ဖန်တီးထားသည်။

နိုင်ငံတစ်ဝန်းရှိ ဝါးမျိုးများအား စုစည်း၍ ဝါးစိုက်ကွက်(၁)နှင့် ဝါးစိုက်ကွက်(၂)တို့၌ ဝါးဥယျာဉ်အဖြစ် စိတ်ဝင်စားဖွယ်ပြသထားသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ လာရောက်အပန်းဖြေ လေ့လာသူများအတွက် အဆင့်မီတည်ဆောက်ထားသော အခန်းဖွဲ့စည်းပုံ၊ သန့်ရှင်းသပ်ရပ်သော အိပ်ရာအသုံးအဆောင်များနှင့် ရေပူရေအေးစနစ်၊ သန့်စင်ခန်းများ ပါဝင်သော Kandawgyi Lodge တွင် ညအိပ်တည်းခိုအနားယူနိုင်ကြသည်။ ဥယျာဉ်အတွင်း ပန်းအလှပင်များ၊ သဘာဝရှုခင်းများနှင့် ရေပျော်ငှက်များကို လေ့လာနိုင်ရန်အတွက် လမ်းလျှောက်၍သော် လည်းကောင်း၊ အပျော်စီး ယာဉ်ငယ်များဖြင့်သော် လည်းကောင်း လှည့်လည်ကြည့်ရှု အပန်းဖြေနိုင်ကြမည် ဖြစ်ပါကြောင်း စိန်ရတုပွဲတော် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသော ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြည့်ရှုခံစားသင့်ကြပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**သတင်းမှတ်စု**
**ပြင်ဦးလွင်ချစ်ဆွေနှင့်**
**အထက်မင်းလှည့်ဆွေ့အောင်**

**အမျိုးသား ကန်တော်ကြီး ဥယျာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၆၀၅ပေ၌ တည်ရှိသော ပြင်ဦးလွင်မြို့၏ ကျက်သရေဆောင် ကမ္ဘာလှည့်ခရီးသွားများနှင့် တိုင်းရင်းသားပြည်သူတို့ စိတ်ဝင်စားပျော်ရွှင်စွာ အပန်းဖြေနားနေရာ၊ လေ့လာသုတေသနပြုရာ နိုင်ငံတော်၏ အထင်ကရ ဒေသတစ်ခုဖြစ်။**

## ကမ္ဘာတစ်လွှား အားကစား

# ဒိုဟာအာရှ အားကစားပြိုင်ပွဲမှ စံချိန်ရှင်များ

ဒိုဟာ ဒီဇင်ဘာ ၁၄

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၃ရက်က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြသည်။**

**အမျိုးသားကီလိုမီတာ ၄၀ စက်ဘီးစီးပြိုင်ပွဲတွင် တောင်ကိုရီးယားမှ ချန်ကင်းဝေ ပန်းဝင်လာသည်ကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)



### ဘောလုံး

အီရတ်အမျိုးသား ဘောလုံးအသင်းသည် တောင်ကိုရီးယား အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။

အီရတ်အသင်းသည် ဗိုလ်လုပွဲတွင် ကာတာနှင့် အီရန်တို့ထဲမှ အနိုင်ရသည့် အသင်းနှင့် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

### မီတာ ၅၀၀၀ ပြေးပွဲ

အမျိုးသားမီတာ ၅၀၀၀ပြေးပွဲတွင် ကာတာနိုင်ငံမှ ကူရိုင်းသည် စံချိန် ၁၃မိနစ်နှင့် ၃၈ဒသမ၉၀စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ပြီး ယင်း၏ တစ်နိုင်ငံတည်းသား ဇာမန်က ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

ဘာရိန်းမှ ဆလမ်ဂျောဟာသည် ယင်းပြိုင်ပွဲတွင် ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### သုံးဆင့်ခုန်

အမျိုးသား သုံးဆင့်ခုန် ပြိုင်ပွဲတွင် တရုတ်မှ လီရှန်စီသည် ၁၇ဒသမ၀၆ မီတာခုန်ကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော တရုတ်မှ ဂါအို၏ ပြိုင်ပွဲဝင်ဟန်။** (ဓာတ်ပုံ–အင်တာနက်)

### မီတာ ၁၅၀၀ အပြေး

အမျိုးသမီး မီတာ၁၅၀၀ ပြေးပွဲတွင် ဘာရိန်းမှ မာရမ်ယူဆွပ်ဂျမားလ်သည် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် လွန်ခဲ့သောနှစ်ရက်က မီတာ၈၀၀ ပြေးပွဲတွင်လည်းရွှေတံဆိပ်ဆွတ်ခူးထားသည်။

### တုတ်ထောက်ခုန်

အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲတွင် ဂါအိုသည် အမြင့် ၄ဒသမ၃၀ မီတာခုန်ကာ ရွှေတံဆိပ်ဆွတ်ခူးပြီး မလေးရှားမှ ရို့စ်ဆလင်ဒါက ငွေတံဆိပ်ဆွတ်ခူးခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဂျပန်မှ နီရှိကိုရီနှင့် တရုတ်မှ ရင်ရင်တို့က ပူးတွဲကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### စက်ဘီး

အမျိုးသား အသင်းလိုက် စက်ဘီးစီးပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းက စံချိန် လေးမိနစ်နှင့်၁၂ဒသမ၇၄၆ ဖြင့် ရွှေတံဆိပ် ဆွတ်ခူးပြီး ဂျပန်အသင်းက ဒုတိယ ငွေတံဆိပ်ရရှိခဲ့သည်။ တရုတ်အသင်းက ယင်းပြိုင်ပွဲတွင် ကြေးတံဆိပ်သာ ဆွတ်ခူးနိုင်ခဲ့သည်။

### တင်းနစ်

အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ကျန်ဂျီက ရွှေတံဆိပ်၊ အိန္ဒိယမှ ဆန်နီယာမီရာဇာက ငွေတံဆိပ်ဆွတ်ခူးပြီး တရုတ်မှ လီနာနှင့် ဂျပန်မှ အိုက်ကိုတို့က ပူးတွဲ ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

### နပန်း

အမျိုးသား ကီလို ၆၀တန်း နပန်းပြိုင်ပွဲတွင် အီရန်မှ ဆေယက်မိုရက်က

**ရေးသားတင်ပြသူ**
**မြင့်မောင်စိုး**

တောင်ကိုရီးယားမှ ဆောင်ဂျေမွမ်းကို နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။

### လက်ဝှေ့

အမျိုးသား ၅၄ကီလို ဘင်တန် ဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင်ဖိလစ်ပိုင်မှ တီပွန်ကရွှေတံဆိပ်၊ တောင်ကိုရီးယားမှ ဟန်ဆွန်ချူရယ်က ငွေတံဆိပ်ဆွတ်ခူးပြီး မွန်ဂိုလီးယားမှဘာဒါနှင့် ထိုင်းမှ ပတ်ဘွန်းတို့က ပူးတွဲကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

အမျိုးသား ၈၁ကီလိုတန်း လိုက်ဟဲဗီးဝိတ်ပြိုင်ပွဲတွင် တာဂျစ်ကစ္စတန်မှ ကာဗာနော့ဗ်က ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

အမျိုးသား ကီလိုမီတာ၄၀ စက်ဘီးအားကစားပြိုင်ပွဲတွင် ဟောင်ကောင်မှ ချန်ကင်ဝေက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

### အာရှအားကစားပြိုင်ပွဲဆုတံဆိပ်ရရှိမှု

| စဉ် | | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၄၆ | ၇၈ | ၆၁ | ၂၈၅ |
| ၂။ | တောင်ကိုရီးယား | ၅၁ | ၅၀ | ၇၈ | ၁၇၉ |
| ၃၊ | ဂျပန် | ၄၈ | ၆၃ | ၇၁ | ၁၈၂ |
| ၄။ | ကာဇက်စတန် | ၂၀ | ၁၇ | ၃၅ | ၇၂ |
| ၅။ | ထိုင်း | ၁၂ | ၁၅ | ၂၅ | ၅၂ |
| ၆။ | တရုတ်(တိုင်ပေ) | ၉ | ၇ | ၂၇ | ၄၃ |
| ၇။ | အိန္ဒိယ | ၈ | ၁၈ | ၂၃ | ၄၉ |
| ၈။ | ကာတာ | ၈ | ၁၀ | ၉ | ၂၇ |
| ၉။ | စင်ကာပူ | ၈ | ၇ | ၁၂ | ၂၇ |
| ၁၀။ | ဆော်ဒီအာရေဗျ | ၈ | ၀ | ၅ | ၁၃ |

# ပရီမီယာလိဂ်ပွဲစဉ်(၁၇)လက်ကျန်ပွဲ ဆက်လက်ယှဉ်ပြိုင်
# လက်ရှိချန်ပီယံ ချယ်လ်ဆီးနှင့်အာဆင်နယ်တို့ နိုင်ပွဲများရရှိ

လန်ဒန် ဒီဇင်ဘာ ၁၄

**ပရီမီယာလိဂ်ဘောလုံးပွဲစဉ် (၁၇)လက်ကျန်ပွဲစဉ်များကို ဒီဇင်ဘာ ၁၄ရက်က ဆက်လက်ကစားရာ ချယ်လ်ဆီးက နယူးကာဆယ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သလို အာဆင်နယ်က ဝီဂန်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**



**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

**ထိုးဖောက်**

**အာဆင်နယ် တိုက်စစ်မှူး ဝေါလ်ကော့ဒ်(ဝဲ)၏ ဝီဂန်ဘက်သို့ ထိုးဖောက်ကစားမှု။** (ဓာတ်ပုံ–အင်တာနက်)



**ချယ်လ်ဆီး တိုက်စစ်မှူး ရှက်ဗ်ချင်ကို**(လယ်)**၏ နယူးကာဆယ်ဘက်သို့ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

### ချယ်လ်ဆီးနှင့်နယူးကာဆယ်

ချယ်လ်ဆီးတို့နိုင်ပွဲရရှိရေး တစ်ချိန်လုံး တိုက်စစ်ဆင်ကစားခဲ့ရာ နယူးကာဆယ်တို့ ကြိုးစားဟန့်တားကစားခဲ့ရသည်။ ဒရော့ဘာ အနည်းငယ် ဒဏ်ရာရနေ၍ ပွဲအစပိုင်းတွင် ရော်ဘင်နှင့်ကာလူးတို့ တိုက်စစ်အတွဲကို ပွဲထုတ်ခဲ့ရသည်။

### အထိုင်ထားကစား

မော်ရင်ဟိုသည် ယခုပွဲကို ၃–၅–၂ ပုံစံဖြင့် ခင်းကျင်းကစားခဲ့ရာ ကွင်းလယ်တွင် ဘောလက်၊ အက်ဆီယန်၊ ဂျယ်ရီမီ၊လမ်းပတ်နှင့်ရိုက်ဖီးလစ်တို့ကို ထားကာ နောက်တန်းတွင် တယ်ရီ၊ အက်ရှလေကိုးလ်နှင့် ကာဗယ်ဟိုတို့ကို အထိုင်ထားပြီး ကစားစေခဲ့သည်။

ချယ်လ်ဆီးတို့အိမ်ကွင်း၌ ရှုံးပွဲ မရှိသေးရာ ပွဲအစမှာပင် နယူးကာဆယ်တို့အား ဖိကစားခဲ့သည်။ ချယ်လ်ဆီး တိုက်စစ်မှူးများက နယူးကာဆယ် နောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့ရာ ဂိုးသွင်းခွင့် ၁၆ကြိမ်ရရှိခဲ့ပြီး ရှစ်ကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သည်။

### ဂိုးမသွင်းနိုင်

ချယ်လ်ဆီးတိုက်စစ်ကို ဘာဘာယာယို ဦးဆောင်သော ခံစစ်မှူးများက စုစုစည်းစည်းဟန့်တားနိုင်ခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီးတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

ပွဲချိန် ၄၆မိနစ်တွင် ရိုက်ဖီးလစ်အစား ဒရော့ဘာ၊ ကာဗယ်ဟိုအစား မက်ခ်ီလီလီတို့အစားထိုးဝင်ရောက် ကစားခဲ့သဖြင့် နယူးကာဆယ်ဘက်သို့ ပိုမိုထိုးဖောက်ကစားနိုင်ခဲ့သည်။ ချယ်လ်ဆီးအတွက် အနိုင်ဂိုးကို ပွဲချိန် ၇၄ မိနစ်၌ ဒရော့ဘာက သွင်းယူခဲ့သဖြင့် ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်တိုက်စစ်မှူးများဖြစ်သည့်ရော့ဆီနှင့်မာတင်တို့ ချယ်လ်ဆီးခံစစ်ကို ထိုးဖောက်ကစားမှု အားနည်းခဲ့ရာ အပိုင်ဂိုးသွင်းခွင့် တစ်ကြိမ်သာရရှိခဲ့သည်။ ၎င်းအခွင့်အရေးကို နယူးကာဆယ်တို့ အပိုင်အသုံးမချနိုင်ခဲ့သဖြင့် ချေပဂိုးမရရှိခြင်းဖြစ်သည်။

ချယ်လ်ဆီးတို့ ယခုပွဲ အနိုင်ရရှိသဖြင့် တန်းစီဇယား ဒုတိယနေရာတွင် ရှိနေပြီး နယူးကာဆယ်က အဆင့် ၁၄ နေရာ၌ ရှိနေသည်။

### ဝီဂန်နှင့်အာဆင်နယ်

ဝီဂန်တို့အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် အာဆင်နယ်တို့အခက်အခဲကြုံရကာ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာစင်ဝင်းဂါးသည် အာဆင်နယ် တိုက်စစ်ကို ဝေါ့လ်ကော့ဒ်၊ အဒီဘာယောတို့အတွဲနှင့် ကွင်းလယ်မှ ယွန်းဘတ်၊ ဖလာမီနီနှင့် ဘက်တစ္စတာတို့ကို ထားကာ ကစားစေခဲ့သည်။

မက်ကူးလော့နှင့် ဟက်စကီးတို့ ဦးဆောင်သော ဝီဂန်တိုက်စစ်က ကာမာရာ၊ အက်စ်ကိုကိုနှင့် လန်းဇက်တို့ ပံ့ပိုးမှုဖြင့် အာဆင်နယ်ကို တုံ့ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ အာဆင်နယ် ခံစစ်မှူးများ ကြိုးစားဟန့်တားခဲ့ရသည်။

အာဆင်နယ်တို့ ဝီဂန်၏ခံစစ် ကစားမှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ဘဲ ပွဲချိန် ၈၈မိနစ် ရောက်မှသာ တစ်လုံးတည်းသော အနိုင်ဂိုးကို အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောက သွင်းယူခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်တို့ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား တတိယ နေရာတွင် ဆက်လက်တည်ရှိနေပြီး ဝီဂန်က အဆင့် ၁၁နေရာ၌ ရှိနေသည်။ **(အင်တာနက်)**



## လားရှိုး မြို့မဈေး၌ ယာဉ်ရပ်နားစခန်းအဆောက်အအုံဖွင့်

လားရှိုး ဒီဇင်ဘာ ၅

**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် နှင်းနှင်းခိုင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် လားရှိုးမြို့ မြို့မဈေးတွင် ကား၊ ဆိုင်ကယ် ယာဉ်ရပ်နားစခန်းပါ အဆောက်အအုံ(နှင်းဆီရုံ)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံမုခ်ဦး၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန်က (နှင်းဆီရုံ) အဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့် နှင်းနှင်းခိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များက အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(မြို့နယ်စည်ပင်)**



**ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ နိုဝင်ဘာ ၂၄ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမရှေ့ရှိ ကန်သာယာအတွင်း ရေမှော်ပင်နှင့် ဒိုက်ပင်များ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## စလင်းမြို့ ကျောင်းများသို့ အလှူငွေများလှူဒါန်း

စလင်း နိုဝင်ဘာ ၃၀

**မကွေးတိုင်း စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က ဇီးဖြူပင်ကျေးရွာအုပ်စု ကိုးလံကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ် စိုက် တိုးမြှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံအလှူရှင်များ တက်ရောက်ကြသည်။**



အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းနိုင်က အလှူငွေပေးအပ်လှူဒါန်းရခြင်းအကြောင်း အမှာစကားပြောကြားပြီး ဇီးဖြူပင်ကျေးရွာအုပ်စု ကိုးလံရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း၊ ဇီးဖြူပင်ရွာ တွဲဖက် အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းငါးသောင်းနှင့် ရေလဲရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် အလှူငွေကျပ် ငါးသောင်း နှစ်ထောင့်ငါးရာကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်းက လက်ခံရယူပြီး **(ယာပုံ)** ဇီးဖြူပင်ရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် အလှူငွေကျပ်သုံးသောင်းကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ဝင်းရီက ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဌာနခွဲတာဝန်ခံ ဆရာမဒေါ်ခင်မြင့်က လက်ခံရယူသည်။

ထို့နောက် ကိုးလံရွာ ဘုန်းတော်ကြီးကျောင်းသို့ ငွေကျပ်ငါးသောင်းနှင့် အောင်ဘုန်းပွင့်ဓမ္မရိပ်သာ(တောကျောင်း)သို့ ငွေကျပ်တစ်သိန်းတစ်သောင်းကို နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## ပုလောမြို့နယ်၌ ကျန်းမာရေးပညာပေး ဆွေးနွေး

ပုလော ဒီဇင်ဘာ ၁

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများကို နိုဝင်ဘာ ၁၅ရက် ညနေ ၃နာရီက ပုလောမြို့ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ကျင်းပသည်။

### ပညာပေးဟောပြော

အခမ်းအနားတွင် ရေးဦးစွာ တနင်္သာရီတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေက လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ထွေးက အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေက လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအား အာဟာရအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်ထောက်ပံ့ပြီး စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပခဲ့ကြသည်။

### ဆွေးနွေး

အလားတူ တိုင်းအမျိုးသမီးရေးရာအဖွဲ့က ကျန်းမာရေး ပညာပေး ဟောပြောပွဲကိုကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က အမှာစကား ပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် မြိတ်မြို့ ပြည်သူ့ဆေးရုံ ဒုတိယဆေးရုံအုပ် ဒေါက်တာဒေါ်သန္တာမျိုးဝင်းက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါတားဆီးကာကွယ်ရေးကို လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းခင်ညွှန့်လွင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးကိုလည်းကောင်း ပညာပေးဟောပြောကြပြီး စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ရိုးသားကျောင်းသားအား ဂုဏ်ပြု

နွားထိုးကြီး နိုဝင်ဘာ ၃၀

အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားသော ကျောင်းသားလူငယ်အား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၃ရက် နံနက် ၉နာရီက နွားထိုးကြီးမြို့နယ် မြို့မ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) စုဝေးသဘင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာ့အသေးစား ငွေစုငွေချေးဘဏ် မန်နေဂျာ ဒေါ်မြလေးက ပဉ္စမတန်း(က)ကျောင်းသား မောင်အောင်ဖြိုးပိုင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ဂုဏ်ပြုသည်။

အဆိုပါကျောင်းသားသည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက လမ်းတွင် ကောက်ရခဲ့သော ပိုက်ဆံအိတ်မှ အရေးကြီးစာရွက်စာတမ်းများနှင့် ရွှေရောင်နာရီတစ်လုံးတို့ကို ပိုင်ရှင်ဖြစ်သူအား ရိုးသားစွာ ပြန်လည်ပေးအပ်ခဲ့သဖြင့် ဂုဏ်ပြုခြင်းဖြစ်သည်။ **(၂၁၃)**

## ဆင်းသွယ်လတ်စပါး စံကွက်ရိတ်သိမ်း

ဘိုကလေး နိုဝင်ဘာ ၂၅

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘိုကလေးမြို့သစ် ဖြူချောင်းကျေးရွာအုပ်စု ကံစုကျေးရွာ ကွင်းအမှတ် ၆၉၇ ဦးပိုင်အမှတ် ၁/၆ ရှိ တောင်သူ ဦးဝင်းမြင့်၏ လယ်မြေတွင် စိုက်ပျိုးထားသော ဆင်းသွယ်လတ် စပါးကို နိုဝင်ဘာ ၁၅ ရက်က စံကွက်ရိတ်သိမ်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိမ်း၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးနိုင်လင်းနှင့် စိုက်တိုးမြှင့်ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် လယ်သမား ၈၅ဦးတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

စံကွက်ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် ဆင်းသွယ်လတ်စပါး အစိ ၁၀၈ ဒသမ ၅၉တင်းနှင့် အခြောက်၁၀၁ဒသမ ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြို့နယ်သတင်းများ



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင် ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ပ ညာ ဘဏ် တိုက် စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးနန်းစောနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးယောနတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကုန်သည်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)

## စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၀၉ အုပ်စုနှင့် ရပ်ကွက် (၁၂)ရပ်ကွက်မှ သင်တန်းသား ၃၄၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရွှေပြည်သာမြို့ ဝန်ထမ်းကြီးရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် (၃၀၁၁)နေ ဒေါ်ခင်ကြည် မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

## ရေနုတ်မြောင်းများတူးဖော် ပေါင်းမြက်များရှင်းလင်း

**ဆီဆိုင် နိုဝင်ဘာ ၃၀**

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးခွန်ဝင်းမင်းထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မြို့သန့်ရှင်း သာယာလှပရေးအတွက် မြို့တွင်း ဇီဇဝါလမ်းဘေးဝဲယာရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းခြင်းကို နိုဝင်ဘာ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူးဆောင်အရာရှိ ဦးခင်မောင်ခ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**



မိခင်ကြီး ဒေါ်တင်ဦးအား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၈၉လမ်း၊ အမှတ် (၁၄) နေ သမီး ဒေါ်ဝင်းဝင်း၊ ဦးလှသန်း၊ ဒေါ်နွဲ့နွဲ့အေး၊ ဒေါ်ဝေဝေမြင့်၊ ဦးလှမြင့်ဦး၊ ဒေါ်စိုးစိုးရီတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍာစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်း တည်ဆောက်ဆဲ ရွှေရတုစိန်တိုးနှစ်ထပ်ကျောင်းဆောင် မျက်နှာကြက်တစ်ခန်းစာအတွက် အလှူငွေ ကျပ်သုံးသိန်းကို အမှတ် ၂၁၊ လမ်း၂၀ လသာမြို့နယ်နေ ဘုရား၊တန်ဆောင်း၊သိမ်၊ကျောင်း၊လမ်း၊ရေတွင်း၊ရေကန်ရဟန်းဒါယကာကြီး ဦးထွန်းဖေ(၅)နှစ်ပြည့်နှင့် သားမောင်ဝင်းအောင်တို့အား ရည်စူး၍ မယ်တော်ကြီး ဒေါ်ကျင်လှိုင်၊သားမျိုးကိုကိုမိသားစုက ကျောင်းဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ရေစက်ချ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## တနိုင်းမြို့နယ် မိခင်/ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အခမ်းအနားကျင်းပ

**တနိုင်း ဒီဇင်ဘာ ၃**

တနိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည် အခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်း**

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလွှမ်းမိုးဟန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွှေးမွှေးက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုပေးအပ်**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ဆရာဝန် ဒေါက်တာရီရီသွယ်က တနိုင်းမြို့ရှိ အလှူရှင်များ ပေးအပ်လှူဒါန်းသော ငွေများကို လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ ကလေးမြို့၌ ပူးမြော်ခံ

**ကလေး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်လုံးဆိုင်ရာ ရှေးဟောင်းသမိုင်းဝင် ရတနာရွှေဘုံသာဘုရားကြီး ဓမ္မာရုံအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော (၄၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဆင်းတုရုပ်ပွားတော်တို့ကို ရွှေဘုံသာဘုရားကြီး ဂေါပကအဖွဲ့က ဦးဆောင်ကြီးကြပ်၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားရုပ်ပွားတော်များ လှည့်လည်ပွဲကို နိုဝင်ဘာ ၄ ရက်ညနေပိုင်းက လှူဖွယ်ဝတ္ထုပစ္စည်း၊ ပဒေသာပင်များဖြင့် ရုပ်ပွားတော်များပင့်ဆောင်လျက် မြို့နယ်အတွင်း အဖူးမြော်ခံ လှည့်လည်ကြရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက် ဖူးမြော်ကြည်ညိုကြသည်။ **(၄၁၇)**





ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်း မိုးညိုတန်းလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၃ ရက်က အမှူးဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းသူရတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၇၄)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

## စာကြည့်တိုက်များ ရှင်သန်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲ သာစည်မြို့၌ကျင်းပ

**သာစည် ဒီဇင်ဘာ ၅**

သာစည်မြို့နယ်အတွင်းရှိ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ၂၂ရက် ညနေ၄နာရီက သမန်းကျားကျေးရွာရှိ ဒို့ကျေးရွာ စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များနှင့် စာအုပ်၊ ဂျာနယ်များ ခွဲခြားစာရင်းရေးသွင်း မှတ်တမ်းတင်ခြင်း၊ စာအုပ်ငှားရမ်းနည်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင် ပရိဝုဏ်အတွင်း မျက်နှာကြက်ဆေးသုတ်ရန်အတွက် နိုဝင်ဘာ၂၄ရက်က ဦးကျင်ဆိုင်-ဒေါ်နှင်းရင်အား ရည်စူး၍ မော်လမြိုင်မြို့ မရမ်းကုန်းရပ် အမှတ် (၇၃၇)နေ အလှူရှင် သမီး ဒေါ်သန်းသန်း၊ ဒေါ်မြကြည်တို့က ငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံယူစဉ်။ (၁၆၈)

## မြို့နယ် သတင်းများ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြက်ခင်းအလှနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းအလှဆင်ခြင်း လုပ်ငန်းများကို နိုဝင်ဘာ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှူးဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



## အောင်လံမြို့ မဈေးရှေ့၌ ရေမြောင်းများတူးဖော် လမ်းပခုံးများပြုပြင်

**အောင်လံ နိုဝင်ဘာ ၃၀**

အောင်လံမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ရက်က မြို့မဈေးကြီးရှေ့ လမ်းဘေး ဝဲယာ တစ်လျှောက်တွင် ရေမြောင်းများ တူးဖော်ခြင်းနှင့် လမ်းပခုံးများ ပြုပြင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ခင်တင့်ဆွေနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးတိုးကြည်တို့ ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



15-12 (16) 1 12/15/06, 3:01 AM

# အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၁၄**

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၁)၌ ကျင်းပရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး မစတင်မီ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ●

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



**အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြောက်ဥက္ကလာပမြို့နယ် Super Mega Engineers Group and Trading Co.,Ltd. လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် လိုအပ်နေသောပစ္စည်းများ ပြည်တွင်းမှာပင် အဆင့်မြင့်ပစ္စည်းများအဖြစ် ထုတ်လုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရှခင်းသာလမ်း (င) ရပ်ကွက်ရှိ Super Mega Engineers Group and Trading Co.,Ltd လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမ၌ မြောက်ဥက္ကလာစက်မှုဇုန်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မြောက်ဥက္ကလာ စက်မှုဇုန်နောက်ခံသမိုင်း၊ စက်မှုဇုန်ရှိ စက်ရုံအရေအတွက် ကုန်ထုတ်လုပ်မှုအမျိုးအစား၊ စက်မှုဇုန်လုပ်ငန်းရှင်များ၏ လူမှုရေးပံ့ပိုး ကူညီဆောင်ရွက်ချက်များနှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေများကို လည်းကောင်း၊ Super Mega Engineers Group and Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက စက်ရုံ၏ သမိုင်းကြောင်း၊ ဝန်ထမ်းအင်အားနှင့် စက်ရုံမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုအဆင့်ဆင့်ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော ပစ္စည်းများကို ပြည်ပမှဝယ်ယူတင်သွင်းရန်မလိုဘဲ ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ အဆင့်မြင့်ပစ္စည်းများ ထုတ်လုပ်ပေးစေလိုကြောင်း၊ လျှပ်စစ်စွမ်းအားမြှင့်တင်ရေး အတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြသ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက ရှင်းလင်းပြသသည်။ **စာမျက်နှာ ၈ ကော်လံ ၅** ■

# ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)အား ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာ နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်ကအသိအမှတ်ပြုသောအားဖြင့် စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း)အား အမျိုးသားစာပေတစ်သက်တာဆုကို ရွေးချယ်ချီးမြှင့်လိုက်သည်။**

**အဆိုပါဆုကို နေပြည်တော်၌ကျင်းပမည့် ၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုတို့၏ ဆုနှင်းသဘင် အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# MRTV-4 ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် Free to Air စနစ်ဖြင့် ထုတ်လွှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဒီဂျစ်တယ်ရုပ်သံဖမ်းစက်ဖြင့် လက်ရှိဖမ်းယူကြည့်ရှုနေသော MRTV-4 ရုပ်သံလိုင်းကို ဒီဇင်ဘာ ၁၅ ရက်မှစ၍ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ Free to Air စနစ်ဖြင့် စတင်ထုတ်လွှင့်ပေးမည် ဖြစ်သည်။

အများပြည်သူများအနေဖြင့် UHF Channel(16)ကို လက်ရှိကြည့်ရှုနေသော ရုပ်မြင်သံကြားဖမ်းစက်များဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သော်လည်း MRTV-4ရုပ်သံလိုင်းတစ်လိုင်းတည်းသာ ဖမ်းယူကြည့်ရှုနိုင်ပြီး အခြားသောအခပေးလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်မည်မဟုတ်ကြောင်း၊ ကျန်ရှိသောမြို့ကြီးများ၌လည်း MRTV-4 ကို ရန်ကုန်မြို့နည်းတူ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ထပ်မံတိုးချဲ့ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။**



# အားသစ်လောင်းလိုက်သလို ခံစားရ

အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာမကြီး စောမုံညင်း

# ငွေနဲ့ တန်ဖိုးဖြတ်လို့မရတာ စာပေပါ

အမျိုးသားစာပေ စာပဒေသာဆုရ စာရေးဆရာ မောင်မိုးယံ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၀၅ခုနှစ်အတွက် အမျိုးသားစာပေဆုများကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာမကြီး ဒေါ်စောမုံညင်းအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်ကာ တစ်သက်တာစာပေဆု ဆွတ်ခူးရရှိခြင်းနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ **စာမျက်နှာ ၈ ကော်လံ ၁** ✡

**အားသစ်တွေ ဖြစ်ပေါ်လာ**

**"ဒီလို တစ်သက်တာစာပေဆု ရရှိလိုက်တာဟာ အားသစ်လောင်းလိုက်သလိုပါပဲ၊ အင်အားသစ်တွေ ဖြစ်ပေါ်လာတယ်"**

(စာရေးဆရာမကြီး စောမုံညင်း)



**"စာပေကို တူးလို့မကုန်နိုင်တဲ့ ရတနာသိုက်လို့ မြင်ပါတယ်။ တန်ဖိုးထားတတ်ရင် စာပေဆိုတာ သုံးမကုန်တဲ့ ပစ္စည်းပါ၊ စာပေကို တူးဆွဖော်ထုတ်နေသူတွေ တန်ဖိုးရှိတဲ့ ရတနာကိုသာ ရွေးချယ်တူးဖော်ကြဖို့ အကြံပြုလိုပါတယ်"** (စာရေးဆရာ မောင်မိုးယံ)

15-12 (20) 1 12/15/06, 3:01 AM